# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၄၅)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၈၆)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

## မြန်မာတို့သည် တိုင်းတစ်ပါးက ကျူးကျော်မှုမှန်သမျှ ရှုပ်ရှုပ်ချုံချုံတွန်းလှန်ပြီး အမျိုးနှင့်ဇာတိဂုဏ် ထိန်းသိမ်းခဲ့ အမျိုးသားနေ့မှပေါက်ဖွားလာသည့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ရေရှည်ခိုင်မြဲအောင် ပြုစုပျိုးထောင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းထူထောင် နိုင်ငံကြီးအချို့ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအသုံးချပြီး နိုင်ငံငယ်များ၏ ပြည်တွင်းရေးစွက်ဖက် မိမိနိုင်ငံနှင့် လူမျိုး၏ကံကြမ္မာ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိရေး အမျိုးသားရေးသတိနှင့်ယှဉ် ကာကွယ်

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်–**

**တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား–**

ယနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် ထူးခြားလေးနက်သော (၈၆)နှစ်မြောက် အမျိုးသားနေ့ဖြစ်ပါသည်။ သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရသည့် မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံးအတွက် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ပြန်လည်ထကြွနိုးကြားလာစေသော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။

**နိုးကြားမြင့်မားလာ**

အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတည်းဟူသော အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံလျက် အမျိုးကိုချစ်ပါ၊ မျိုးချစ်စိတ်များမွေးမြူကြပါ၊ လူမျိုးခြားများ၏ နင်းပြားမဖြစ်ကြပါစေနှင့် စသည့် ကြွေးကြော်သံများဖြင့် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်စိန်ခေါ်ခဲ့သည့် အမျိုးသားပညာရေးလှုပ်ရှားမှုသည် မြန်မာတစ်မျိုးသားလုံးအား သိမ်းကျုံးစုစည်းနိုင်သည်အထိ ထက်မြက်အားကောင်းခဲ့ပါသည်။ ပြည်သူများ၏ နိုင်ငံရေးအသိအမြင်များ နိုးကြားမြင့်မားလာစေခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကိုပါ ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်နိုင်သောကြောင့် ဆုံးရှုံးသွားခဲ့သော နိုင်ငံတော်၏လွတ်လပ်ရေးကို မဆုတ်မနစ် ပြန်လည်ရယူနိုင်ခဲ့သည်အထိ အောင်မြင်မှုရှိခဲ့ပြီးဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၃**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များက အသီးသီးဖတ်ကြား တင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## (၈၆)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

# အမျိုးသားရေးပန်းတိုင်သို့ အရောက်လှမ်း ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲကြိုးပမ်း

၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်(ယနေ့)သည် (၈၆)နှစ်မြောက် အမျိုးသားနေ့ ဖြစ်သည်။

လွန်ခဲ့သည့် (၈၆)နှစ်က နယ်ချဲ့အစိုးရသည် ၁၉၂၀ပြည့်နှစ်၌ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေ ပြဋ္ဌာန်းပြီး ကျွန်ပညာဇာတ်သွင်းရေး မသမာလုပ်ရပ်ကို မြန်မာတစ်မျိုးသားလုံး၏ ဆန့်ကျင်ကန့်ကွက်မှုဖြင့် ဖယ်ရှားနိုင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် မြန်မာ့သမိုင်း၌ မော်ကွန်းကမ္ပည်းတင်ခဲ့ပြီး ဖြစ်သည်။

မျက်မှောက်ကာလ၌ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမျိုးသားနိုင်ငံရေး ပြန်လည်ရှင်သန်လာကာ အမျိုးသားရေး အင်အားစုကြီးက ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းတည်ငြိမ်စေခဲ့သည်။ ဤငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်တွင်းပြည်ပ အနှောင့်အယှက် အဖျက်ပေါင်းစုံအား ကျော်လွှားပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းများဖြင့် စုစည်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ယနေ့အချိန်အခါတွင် အနောက်အင်အားကြီး နိုင်ငံကြီးက အပေါင်းပါနိုင်ငံများနှင့် စည်းဝါးကိုက်၍ ပြည်ထောင်စုကြီးကို ဖြိုခွဲရန် သွေးခွဲ၊ သပ်လျှိုမှုများ လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံကို စိတ်တိုင်းကျ ခြယ်လှယ်သွေးစုပ်နိုင်ရန်၊ ဒေသတွင်း၌ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ စိုးမိုးချုပ်ကိုင်ပြီး ကိုလိုနီပုံစံသစ် ချမှတ်လုပ်ဆောင်ရန်၊ သြဇာခံ အမျိုးသားသစ္စာဖောက် ရုပ်သေးအစိုးရများတင်ကာ ကြိုးကိုင် ဗိုလ်ကျစိုးမိုးရန် ကုလသမဂ္ဂကိုပင် အသုံးချနေသည်။**

**ဤသို့ အမျိုးသားအကျိုးစီးပွား ပျက်ပြားထိခိုက်အောင် အမျိုးသားသစ္စာဖောက်များနှင့် ကိုလိုနီလက်သစ်ဝါဒီတို့က အဖျက်လုပ်ရပ်များ လုပ်ဆောင်နေစဉ် အပြုသမားများဖြစ်သည့် အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူတို့ကလည်း ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးစည်ပင်သော နိုင်ငံတော်အဖြစ် အားကြိုးမာန်တက် တည်ဆောက်နေကြသည်။**

**အမျိုးသားအကျိုးစီးပွားများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် အမျိုးသားအကျိုးစီးပွား၏ အဟန့်အတား အနှောင့်အယှက်များ ဖယ်ရှားရေးသည် အမျိုးသားနေ့၏ လက်ဆင့်ကမ်း အမျိုးသားရေး သမိုင်းပေးတာဝန် ဖြစ်သည်။**

**တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားရေးပန်းတိုင်သို့ အမြန်ရောက်ရှိရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ် နိုးကြားစွာဖြင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တရုတ်၌ နှစ်ပေါင်း ၂၇၀၀ခန့်က ကြေးထည်ပစ္စည်းများတွေ့ရှိ

**စီအန် နိုဝင်ဘာ ၁၃**

တရုတ်နိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၇၀၀ခန့်က အသုံးပြုခဲ့သည့် ကြေးထည်ပစ္စည်းအမျိုးအစား ၁၀၀ကျော်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထိုသို့တွေ့ရှိမှုမှာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ရှန်စီပြည်နယ်၌ဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များ ပြောကြားသည်။

**ပါဝင်**

ကြေးလက်နက်များ၊ ရိုးရာဓလေ့ ကြေးထည်အသုံးအဆောင်ပစ္စည်းများ၊ ပုလင်းများ၊ စစ်သည်တော်ရုပ်များ စသည့် ပစ္စည်းအမျိုးအစားပေါင်း ၁၀၃ခု ပါဝင်သည်။

**တူးဖော်တွေ့ရှိ**

ထိုပစ္စည်းများ တူးဖော်ရရှိသည့်နေရာမှာ ရှန်စီပြည်နယ် ဖူဂန်စီရင်စု ဝူဂျန်ကျေးရွာမှ လယ်သမားခြောက်ဦးတို့က တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ အဆိုပါ ပစ္စည်းများမှာ ဘီစီ ၁၁၀၀၊ ဘီစီ၇၇၁ ခန့်က အသုံးပြုခဲ့သော ကြေးထည်ပစ္စည်းများဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ကျန်ဖန်က ခန့်မှန်းပြောကြားသည်။

**ခင်းကျင်းပြသ**

အဆိုပါရှေးဟောင်းပစ္စည်းများကို သုတေသနပြုလုပ်ရန်နှင့် ခင်းကျင်းပြသနိုင်ရန် ရှန်စီပြည်နယ် ပြတိုက်သို့ ပေးပို့ထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ယူဂန္ဓာနိုင်ငံ ကော်ဖီတင်ပို့မှုမြင့်တက်

**ကမ်ပါလာ နိုဝင်ဘာ ၁၃**

ယူဂန္ဓာနိုင်ငံ၏ ကော်ဖီတင်ပို့မှုတိုးတက်လာရာ ယခုနှစ် အောက်တိုဘာလ အတွင်း၌ ၄၉ဒသမ ၉ရာခိုင် နှုန်းရှိကြောင်း လစဉ် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ယူဂန္ဓာကော်ဖီဖွံ့ဖြိုးရေး အာဏာပိုင်(ယူစီဒီအေ)က ထုတ်ပြန်သည့် လစဉ် အစီရင်ခံစာအရ အောက်တိုဘာလအတွင်း၌ အမေရိကန်ဒေါ်လာ ၁၃ဒသမ ၆သန်းတန်ဖိုးရှိ တစ်အိတ်လျှင် ကီလို၆၀ပါ အိတ်ပေါင်း ၁၅၅၅၇၁ အိတ်တင်ပို့ခဲ့သည်။

ပြည်ပတင်ပို့မှုမှာ ၂၀၀၅ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်လျှင် ပမာဏ ၂၇ဒသမ၈ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုတန်ဖိုး ၄၃ဒသမ ၉ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။

ကော်ဖီတင်ပို့မှုသည် ယူဂန္ဓာနိုင်ငံ၏ ပြည်ပကုန်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဝင်ငွေ ၂၁ရာခိုင်နှုန်းရှိရာ ကော်ဖီသည် ယူဂန္ဓာနိုင်ငံ၏ အဓိက နိုင်ငံခြားဝင်ငွေ ရရှိရာ ကုန်ပစ္စည်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၁၄–၁၁–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွမ်းမပြေ”** (အပိုင်း–၁၇)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း–၇)

# ၁၃၆၈ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲဖိတ်စာများထုတ်ယူနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၈ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို **နိုဝင်ဘာ၁၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့တော်ခန်းမ**၌ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ သက်ကြီးစာပေပညာရှင်ကြီးများနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရန် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် ဖိတ်စာများကို နိုဝင်ဘာ ၁၅ရက် (ဗုဒ္ဓဟူးနေ့)မှစတင်၍ ရန်ကုန်မြို့ အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ထုတ်ယူရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထက (၅)အလုံ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၃**

အထက (၅) အလုံမှ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန် တပည့်ကျောင်းသား ကျောင်းသူဟောင်းများမှ အဋ္ဌမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၅) အလုံ ကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပရန် စီစဉ်ထားသည်။ အသေးစိတ် သိရှိလိုသူများနှင့် လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဦးမြင့်သိန်း ဖုန်း–၀၉–၅၁၄–၃၉၉၈၊ ဦးအုန်းစိန် ဖုန်း–၀၉–၅၃၀–၁၇၉၅၊ ဦးဝင်းသူ ဖုန်း–၂၁၀၆၉၄၊ ဦးကြည်ရွှင် ဖုန်း– ၀၉–၅၀၀–၅၂၉၉နှင့် ဦးဇော်မြင့် ဖုန်း–၀၉–၅၁၁–၅၀၂၁ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၄–၁၁–၂၀၀၆ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၀၀ ၅။ **“ဟွန်းသံ”** (ဧရာနှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)
၁၇း၀၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၇း၅၀ ၇။ အမျိုးသားရေးမို့ ကြိုးပမ်းကြပါစို့
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“တောတွင်းသားငယ်လေး”** (အပိုင်း–၂၆)
၁၈း၅၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခြင်းနှင့်အတူ”** (အပိုင်း–၁၈)
၁၉း၄၅ ၁၃။ အမျိုးသားနေ့တေးများ
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **“မီးရထားစီး ခရီးသွားကြသူများ”** နေအောင်၊ မေသဥ္ဇာဦး၊ ဇင်ဇင်ဇော်မြင့်၊ သဇင်၊ နန်းဆုရတီစိုး (ဒါရိုက်တာ–စင်ရော်မောင်မောင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၄–၁၁–၂၀၀၆(အင်္ဂါနေ့)**

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ နိကာယ်ငါးရပ် ပိဋကတ် မြန်မာပြန်တရားတော်များ သင်တန်း
၇း၃၀ တေးဂီတအစီအစဉ်
၇း၃၅ Sunday Talk
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ ဆင်ယင်ရိုးရာ ဒို့မြန်မာ
၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ နိုင်ငံတကာအနုပညာရေးရာ
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ ပေါ့ပါးလျှင်မြန် မြန်မာ့ဂျစ်ဟန်
၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာများ(အပိုင်း–၆)
၁၀း၁၅ ဒါဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ)
၁၀း၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ပန်းချီဦးသောင်းဟန်နှင့် တွေ့ဆုံခြင်း)
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ အမျိုးသားပြတိုက် မြန်မာ အက္ခရာနှင့် လက်ရေးမူပြခန်း
၁၂း၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေး ကိုယ်ပိုင်မူဝါဒလမ်းစဉ် ချမှတ်အကောင်အထည်ဖော်နေ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်

● ရှေ့ဖုံးမှ

## အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် မြန်မာလူမျိုးတို့သည် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို ခေါင်းငုံ့မခံဘဲ ရှုပ်ရှုပ်ချွံချွံတွန်းလှန်မောင်းထုတ်နိုင်ခဲ့ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်သာ ဖြစ်ပါသည်။

အမျိုးသားနေ့ကို အခြေခံ၍ ပေါက်ဖွားဖြစ်ပေါ်ခဲ့ရသော အမျိုးသားစိတ်ဓာတ်ကောင်း၊ စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကောင်း၊ ထက်သန်မြင့်မြတ်သော အမျိုးသားနိုင်ငံရေး အသိအမြင်ကောင်းတို့ကို ရေရှည်တည်တံ့ခိုင်မြဲနေစေရန် အမြဲပြုစုပျိုးထောင်ပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းအားထုတ်ထူထောင်သွားကြရမှာဖြစ်ပါသည်။

## ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်း

ယနေ့ မျက်မှောက် နိုင်ငံတကာအခြေအနေတွင် ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့က နိုင်ငံငယ်များအပေါ် အကြောင်းအမျိုးမျိုးပြပြီး ဩဇာလွှမ်းမိုးနိုင်အောင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကိုပင် အသုံးချပြီး ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့အရေးယူမှုများဖြင့် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းလျက်ရှိကြပါသည်။

သို့ဖြစ်၍ မိမိနိုင်ငံနှင့်မိမိလူမျိုးများ၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်ပြဌာန်းပိုင်ခွင့်ရှိရေး၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံလုံခြုံရေး၊ ပြည်ထောင်စုနိုင်ငံတော်ကြီး အဓွန့်ရှည်ကြာထည်ထည်ဝါဝါ ရပ်တည်နိုင်ရေးတို့အတွက် အမျိုးသားရေးသတိနှင့်ယှဉ်၍ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် ထက်သန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

## တိုးပွားပေါ်ထွက်လျက်ရှိနေ

သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြောင်းလဲတိုးတက်လျက်ရှိသော နိုင်ငံတကာ ပညာရေး အဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရန်အတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းစီမံကိန်း လုပ်ငန်းစဉ်များအရ ပညာရည်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာလျက်ရှိရာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် အနာဂတ်နိုင်ငံတော်အတွက်အားထားရမည့် မျိုးဆက်သစ်လူငယ်များ တိုးပွား ပေါ်ထွက်လျက်ရှိနေပြီ ဖြစ်ပါသည်။

## ဟန်ချက်ညီညီ အထောက်အကူပြုနိုင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြီးပြည့်စုံသည်အထိ ပြုပြင်တည်ဆောက်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် ပညာတတ်လူ့အရင်းအမြစ်များ အခြေခိုင်မာလုံလောက်စွာပေါ်ထွက်ရေးကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်။ အခြေခံပညာကဏ္ဍရော၊ အဆင့်မြင့်ပညာကဏ္ဍပါ ချိတ်ဆက်လွှမ်းခြုံထားသည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၏ မျှော်မှန်းချက်များသည် နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ကို ဟန်ချက်ညီညီ ဆက်စပ်အထောက်အကူပြုနိုင်ရမှာ ဖြစ်ပါသည်။

## တည်ဆောက်လုပ်ကိုင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက် ဖော်ဆောင်ရာ၌ ဥမကွဲ၊ သိုက်မပျက် တလုံးတစည်းတည်း ဖြစ်တည်ခဲ့သည့် ပြည်ထောင်စုကြီး၏ သမိုင်းကြောင်း အစဉ်အလာများ၊ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းမြှင့်တင်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများနှင့်အညီ တက်တက်ကြွကြွ ညီညီညွတ်ညွတ် တည်ဆောက်လုပ်ကိုင်သွားကြရပေမည်။

## ပူးပေါင်းအကောင်အထည်ဖော်

အထူးသဖြင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် ကိုယ်ပိုင်မူဝါဒလမ်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်သော မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များကို အရင်းခံ၍ နိုင်ငံတော်နှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ယနေ့ကျရောက်သည့် (၈၆)နှစ်မြောက် အမျိုးသားနေ့တွင် အမျိုးသားနေ့ ဦးတည်ချက်များ ဖြစ်ကြသည့်-

**(၁) ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး၊**
**(၂) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
**(၃) အမျိုးသားပညာရည်မြင့်မားရေး၊**
**(၄) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး**

ဟူသော ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန်အပြည့်အဝဖြင့် ကြိုးပမ်းအားထုတ် လုပ်ကိုင်ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

# နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်သူအားလုံးနှင့်အတူ လက်တွဲ၍ စည်းရုံးဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၃

**နိုဝင်ဘာ ၄ ရက် မှ ၈ ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**

## ပံ့ပိုးလှူဒါန်း

ထိုသို့တင်ပြရာ၌ ပဲခူးတိုင်း(အနောက်)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပဲခူးတိုင်း(အနောက်)ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်းက တင်ပြရာတွင် ပညာရေးကဏ္ဍ၌ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ဘုန်းတော်ကြီးစာသင်ကျောင်းပေါင်း ၂၁ ကျောင်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား/ကျောင်းသူ ၂၈၂၅ ဦးတို့အတွက် ဗလာစာအုပ် ၁၀၆၄ ဒါဇင်၊ ခဲတံ ၁၂၀၈ ဒါဇင် စုစုပေါင်းငွေ ၁၁၂၄၉၇၄ ကျပ်တန်ဖိုးတို့ကို ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံက ပံ့ပိုးလှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ပဲခူးတိုင်း(အနောက်ပိုင်း)၁၄ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၈၇ ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် စာရေးခုံ အနိမ့် ၁၈၄ ခုံ၊ အမြင့် ၂၅၂၅ ခုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၆၇၂၀၀၀ တို့ကို တိုင်းအသင်းက လှူဒါန်းပေးနိုင်ခဲ့ကြောင်း။



ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်း တင်ပြစဉ်။
(သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ချို့တဲ့သောကျောင်းသား ကျောင်းသူများ ကျောင်းနေနိုင်ရေးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၂၅၀၀ တို့ကို ထောက်ပံ့လှူဒါန်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

## ဂုဏ်ပြုချီးမြှင့်

တိုင်းသင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)တွင် ထူးချွန်ကျောင်းသားကျောင်းသူများဖြစ်သည့် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးအား စုစုပေါင်းတန်ဖိုးငွေကျပ် ၉၀၀၀၀ နှင့် ငါးဘာသာဂုဏ်ထူးရှင် ၂၀ တို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ တို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း။

လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာအပိုင်းအနေဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်းရှိ အသင်းအဆင့်ဆင့်သည်လူမှုရေးနယ်ပယ်အသီးသီးတွင် သာရေးနာရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ လူထုလူတန်းစားအလွှာများလုပ်ငန်း၊ အားကစားစာပေနှင့် အနုပညာလုပ်ငန်းဟူ၍ လုပ်ငန်းတာဝန်များကို အဖွဲ့ခွဲများအလိုက် ကဏ္ဍစုံထောင့်စုံမှ လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း။

## ထောက်ပံ့နိုင်ခဲ့

သာရေးနာရေးလုပ်ငန်းအဖွဲ့ခွဲအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသင်းသားနှင့် ပြည်သူတစ်ရပ်လုံး၏ သာရေးနာရေးကိစ္စများတွင် ငွေအား၊ လူအားတို့ဖြင့်ပံ့ပိုးဆောင်ရွက်ခြင်း၊ ဘာသာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၊ ဗုဒ္ဓပူဇနီယပွဲတော်များတွင် ဝေယျာဝစ္စလုပ်ငန်းများကို စည်ကားသိုက်မြိုက်စွာဒါနပြု ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား နေ့လယ်စာဖြင့်လှူဒါန်းကျွေးမွေးခြင်း၊ နေ့ကြီးရက်ကြီးများတွင် ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၌ သန့်ရှင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့သဖြင့် သာရေးလုပ်ငန်းပေါင်း ၂၁၂ ကြိမ်တွင် အင်အား ၄၇၂ ဦး၊ ငွေကျပ်၂၉၅၀၀၀၊ နာရေးလုပ်ငန်း (၁၀)ကြိမ်တွင် အင်အား ၂၁၁ ဦးဖြင့် ငွေကျပ် ၃၀၀၀၀ စုစုပေါင်း အကြိမ်ရေ (၂၂၂)ကြိမ်တွင် ငွေကျပ် ၃၂၅၀၀၀ လှူဒါန်းထောက်ပံ့နိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ ❐

14-11 (03) 1 11/14/06, 1:56 PM



# သဘာပတိ

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။**

(သတင်းစဉ်)



* ရှေ့ဖုံးမှ

ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့်တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ကချင်ပြည်နယ် အထူးဒေသ (၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)(နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသားအစည်းအရုံး (DKBA)၊ ပေါင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော်(AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန် လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိ ဒေသ)နှင့် မွန်နိုက်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## လက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီ အစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

## အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၅ ဦးတို့ တက်



**အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။**

(သတင်းစဉ်)

ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၁ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## ဖတ်ကြားတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက်ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်း ပြောကြားချက်ကိုအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဖတ်ကြားတင်ပြသည်။

**(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်း ပြောကြားချက်ကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကိုခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဝင်ဦးထွန်းထွန်းဦးက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ကိုအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်းက ဆက်လက်ဖတ်ကြား တင်ပြပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀တွင် ရပ်သိမ်းလိုက်သည်။

**(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဦးထွန်းထွန်းဦးနှင့် ဗိုလ်မှူးချုပ်မြဝင်း တို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)**

(သတင်းစဉ်)

# ဗိသုကာအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ ဗိသုကာအသင်း သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် မိတ်ဆုံစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း အာရှတော်ဝင်ဆေးခန်းအနီး အမှတ်(၃၅၊ ၃၇)ရှိ ဘိုလ်တီးစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ မြန်မာဗိသုကာ မိတ်ဆွေများနှင့် မြန်မာနိုင်ငံ ဗိသုကာအသင်းသားများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၏ ရှင်းလင်းပြောကြားချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် **နိုဝင်ဘာ ၁၃ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အား လုပ်ငန်းကော်မတီဝင်များ၏ ဖတ်ကြားတင်ပြချက်ကို သတင်းစာများတွင် ဆက်လက် ဖော်ပြသွားပါမည်။**

(သတင်းစဉ်)





# တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၃

**ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဓမ္မာရုံသစ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြသည်။** (အပေါ်ပုံ)

## တက်ရောက်

လုပ်ငန်းအစည်းအဝေးသို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းက စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စတုတ္ထအကြိမ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းအစမှ အဆုံးတိုင် ပါဝင်ကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ပွင့်လင်းရာသီရောက်ပြီဖြစ်သည့်အတွက် စေတီတော်ကြီး၏ မဟာရံတံတိုင်းနှင့် မုခ်ဦးများ ဆေးသုတ်မွမ်းမံခြင်း၊ ရင်ပြင်တော် တစ်လျှောက် လမ်းတွင် နေပူခံကျောက်ပြားများ ခင်းခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် ပူဇော်ထားသော ရတနာများ၊ ရွှေစင်ရွှေပြားများကို ရောင်တော်ဖွင့်ခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်း ပြန်လည်ကပ်လှူပူဇော်ခြင်းများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအလိုက် ကော်မတီများ၊ ဆပ်ကော်မတီများဖွဲ့၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး လုပ်ငန်းဆပ်ကော်မတီအလိုက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များကို ညှိနှိုင်းသတ်မှတ် တာဝန်ပေးအပ်ကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့နှင့် တက်ရောက်ကြသူများက စေတီတော်မြတ်ကြီးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## ထည့်ဝင်လှူဒါန်းနိုင်

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းတွင် စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းကပ်လှူခြင်း၊ မုခ်ဦးနှင့် မဟာရံတံတိုင်းတို့ကို ဆေးသုတ်မွမ်းမံခြင်း၊ ရင်ပြင်တော်တစ်လျှောက်လမ်းကို နေပူခံကျောက်ပြားခင်းခြင်း၊ သာသနိကအဆောက်အအုံများ၊ ပြုပြင်မွမ်းမံဆေးသုတ်ခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းကြီး (၅)ရပ်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စေတနာရှင်၊ ကုသိုလ်ရှင်၊ ရဟန်းရှင်လူပြည်သူများအနေဖြင့် ရွှေဘုန်းပွင့်စေတီတော် ဂေါပကရုံး၌ အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ် ကျောင်းတိုက်၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၇ ရက်က (၂၃)ကြိမ်မြောက် ထောက်ကြန့်မြို့ သမိုင်းဝင် ဇိနမာန်အောင်စေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်လျက်ရှိသော နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ထောက်ကြန့်မြို့တွင်း လှည့်လည် အပူဇော်ခံနိုင်ရန်အတွက် ဇိနမာန်အောင် ဂေါပကအဖွဲ့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

# မြေလွတ်မြေရိုင်းများဖော်ထုတ် မွေးမြူရေးဇုန်တည်ဆောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ရမည်းသင်းမြို့ ရေဦးကျေးရွာရှိ မွေးမြူရေးဇုန် မြေနေရာများ ဖော်ထုတ်မည့်နေရာသို့ ရောက်ရှိသည်။

## ဖြည့်စွက်မှာကြား

ရှေးဦးစွာ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန် ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံတောင်သူဦးကြီးများနှင့် တွေ့ဆုံ အမှာစကားပြောကြားရာ၌ ရေဦးကျေးရွာရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မွေးမြူရေးဇုန်များကို တည်ထောင်သွားမည်ဖြစ်ကြောင်း၊ နောင်မွေးမြူရေးခြံများ ဖြစ်ပေါ်လာသည့်အခါ ဒေသခံပြည်သူများလည်း တစ်ဖက်တစ်လမ်းမှ စားဝတ်နေရေးအတွက် အလုပ်အကိုင်များရရှိလာမည်ဖြစ်ကြောင်း၊ ဒေသခံကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လုပ်ကိုင်သွားရန်ဖြစ်ကြောင်း၊ မိသားစု တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူထားရှိသော တိရစ္ဆာန်များ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ စာမျက်နှာ ၃ မှ

တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းအဆင့်ဆင့်မှ ဦးဆောင်မှုဖြင့် လူငယ်ရေးရာလှုပ်ရှားမှုများကို အပတ်စဉ်ဆက်တိုက် လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း၊ မြို့နယ်များအလိုက် သာရေး၊ နာရေးအသင်းများတွင် ပူးပေါင်းပါဝင်လျက် ကူညီပံ့ပိုးခဲ့ခြင်းကြောင့် သာရေး၊ နာရေးအသင်းများ ပိုမိုအင်အားတောင့်တင်းလာခဲ့ကြောင်း၊ လူငယ်သွေးလှူရှင်များအနေဖြင့် မြို့နယ်အလိုက် စုပေါင်းသွေးလှူဒါန်းပွဲများကို လစဉ်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းအတွင်း စုစုပေါင်း သွေးလှူရှင် ၁၀၃၅ ဦးစုစည်းထားရှိပြီး လစဉ်သွေးလှူဒါန်းနိုင်ခဲ့ကြောင်း၊ သွေးလှူရှင်များအတွက် အားဆေးနှင့် အာဟာရများကို ပြည့်စုံလုံလောက်စွာ ကူညီထောက်ပံ့ပေးခဲ့ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်း၏ ဗဟိုနာယကနှင့် ဗဟိုနာယကအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၏ လမ်းညွှန်ချက်များကိုခံယူပြီး ပြည်သူအားလုံးနှင့်အတူ လက်တွဲ၍ အသင်းကြီး ဆတက်ထမ်းပိုး တိုးတက်စေရန် လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ စည်းစည်းလုံးလုံး ဆောင်ရွက်သွားမည်ဖြစ်သလို ဤကဲ့သို့ ဒေသခံ တိုင်းရင်းသားပြည်သူလူထုတို့၏ လိုအပ်ချက်များကို မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းတို့ဖြင့် ဖြည့်ဆည်း၊ စည်းရုံး၊ ဆောင်ရွက်သွားရင်း စိတ်ဓာတ်၊စည်းကမ်း၊ကြံ့ခိုင်၊ စည်းလုံး ဆိုသည့် အသင်း၏ ဆောင်ပုဒ်အတိုင်း နိုးကြားတက်ကြွစွာဖြင့် အားထုတ်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

# လူထုဆန္ဒပြုလွှာလက်မှတ်များနှင့်ပတ်သက်၍ ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စုမှ ကျေးရွာသူ ကျေးရွာသားများ မလိမ့်တပတ်နှင့် လိမ်လည်စာရင်းရေးသွင်းခြင်းခံခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စုမှ NLD ပါတီဝင် ဦးရှဲန်တွီနှင့် အဖွဲ့ဝင်နှစ်ဦးသည် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား လူထုဆန္ဒပြုလွှာလက်မှတ်များ မလိမ့်တပတ်ရေးထိုးစေခြင်း၊ အမည်အတု၊ လက်မှတ်အတုများပြုလုပ်၍ လိမ်လည်စာရင်းသွင်းခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

## လက်မှတ်အတုများရေးထိုး

ယန်းကျိန်ကျေးရွာအုပ်စုမှ ရွာလူကြီးဖြစ်သူ NLD ပါတီဝင် ဦးရှဲန်တွီ၊ ဦးအိုက်လောနှင့် ဦးဒေဝိန္ဒတို့ သုံးဦးသည် အောက်တိုဘာ ၃၀ နှင့် ၃၁ ရက် ညနေပိုင်းတွင် ဦးရှဲန်တွီ၏နေအိမ်၌ ကျေးရွာသူ ကျေးရွာသားများအား အစည်းအဝေးခေါ်ယူ၍ အကြောင်းအရာပြောကြားခြင်းမရှိဘဲ အထက်သို့တင်ပြရမည်ဟုသာ ပြောဆို၍ စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ အစည်းအဝေးတက်ရောက်ခြင်း မရှိသူများ၏ အမည်များကို ၎င်းတို့ဘာသာဖြည့်သွင်း၍ လက်မှတ်အတုများ ရေးထိုးခဲ့ကြကြောင်း။

ကျိုင်းတုံမြို့နယ် NLD ဥက္ကဋ္ဌ ဦးစောနန္တိနှင့် တွဲဖက်အတွင်းရေးမှူး ဦးရှီဖစ်တို့၏ စီမံမှုဖြင့် ယန်းကျိန်ကျေးရွာအုပ်စုရှိ ယန်းကျိန်၊ ယန်းဟောက်၊ ဝမ်ကျွန်း၊ ဝမ်နိမ့်၊ တာခွယ်ကျေးရွာတို့မှ NLD ပါတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားတို့ထံမှ မလိမ့်တပတ်နှင့် လိမ်ညာစာရင်းရေးသွင်းထားသည့် ဂုံရှမ်းဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးသားထားသော လူထုဆန္ဒပြုလွှာများကို နိုဝင်ဘာ ၉ ရက်က တောင်ကြီးမြို့ NLD ရုံးသို့ ပေးပို့ခဲ့ကြောင်း။

အဆိုပါ လူထုဆန္ဒပြုလွှာလက်မှတ်များရရှိအောင် လုပ်ဆောင်ခဲ့သော NLD ပါတီဝင်များ၏ လုပ်ရပ်သည် အရေးအတွက်သာရှိပြီး အနှစ်သာရကင်းမဲ့သော လုပ်ရပ်ဖြစ်သည်ဟု ကျိုင်းတုံမြို့နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများက ဝေဖန်ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(က-ပ)**

# ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်



ရန်ကုန် နိုဝင်ဘာ ၁၃

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ကူးပြောင်းရေး ကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်းတစ်ခန်းအဖြစ်ပါဝင်မယ့် "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း" အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါ အဲဒီလိုမပြဋ္ဌာန်းမီကာလက တည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့ အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု တူညီကြမှာမဟုတ်ပါဘူး။ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးကို ကူးပြောင်းကြရတာဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့ အခါမှာ ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊လူမှုရေး အဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ များဟာ စဉ်ဆက်မပြတ်တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ်တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန်လိုမှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့ အခါမှာ အဲ့ဒီနိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များပါ ထည့်သွင်းပြဋ္ဌာန်းထားတာတွေ့ရသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလဲ အဲ့ဒီဥပဒေရဲ့ အခန်း ၁၄ မှာ ပုဒ်မ ၂၃၃ မှ၂၃၄ ထိ "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ Transitory Provisions"ကို ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ကူးပြောင်းရေးကာလပြဋ္ဌာန်း ချက်များနဲ့စပ်လျဉ်းပြီး သီးခြားခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတာမရှိပေမယ့် အခန်း ၁၆ အထွေထွေပြဋ္ဌာန်းချက်များ အခန်းမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲပြီးနောက် အဲဒီဥပဒေမှာ အာဏာ တည်ရမယ့်နေ့ရက်ကို ဖော်ပြထားရှိမှသာ ဖော်ပြပါနေ့ရက်တွင် အာဏာတည်မှာ ဖြစ်ပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၃၄တွင်-

"ဤအခြေခံဥပဒေသည် နိုင်ငံတော် ယာယီသမ္မတက ထုတ်ပြန်ကြေညာ သောနေ့တွင် အာဏာတည်ရမည်။ ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ် ကဆုန်လဆန်း ၈ရက်နေ့ (ခရစ်တော်သက္ကရာဇ် ၁၉၄၈ခုနှစ် ဧပြီလ ၁၅ရက်နေ့) အောက် နောက်မကျစေရ"ဟု ပြဋ္ဌာန်းထားပါတယ်။

၁၉၇၄ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၅တွင် "ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော် တစ်ဝန်း လုံး၌ အာဏာတည်သည်"ဟု ပြဋ္ဌာန်းထားပါတယ်။

ယခုအခါ နိုင်ငံတော်တည်ဆောက်ရေးအတွက် အောက်ပါလုပ်ငန်းစဉ် (၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်လျက် ရှိပါတယ်။

(က) ပထမအဆင့် - ၁၉၉၆ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊

(ခ) ဒုတိယအဆင့် - အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီး သည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသောဒီမို ကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊

(ဂ) တတိယအဆင့်- အမျိုးသားညီလာခံကြီးက ချမှတ်ပေးသောအခြေခံ ရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲ ခြင်း၊

(ဃ) စတုတ္ထအဆင့် - ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည် ပြုခြင်း၊

(င) ပဉ္စမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက် ပွဲများ ကျင်းပခြင်း၊

(စ) ဆဋ္ဌမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေး များ ကျင်းပခြင်း၊



**အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

(ဆ) သတ္တမအဆင့် - လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်း ပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်း များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ ဖြစ်ပါတယ်။

ဖော်ပြပါလုပ်ငန်းစဉ်(၇)ရပ်အနက် စတုတ္ထအဆင့်တွင် အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုပြဋ္ဌာန်းရန် ပါရှိပါတယ်။

ထိုချမှတ်ထားတဲ့လုပ်ငန်းစဉ်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်းနဲ့ စပ်လျဉ်းပြီး-

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးသည့် နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းမယ့် လွှတ်တော်များဟာ ချက်ချင်း ပေါ်ပေါက်လာနိုင်မယ်မဟုတ်ဘဲ လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ပြီးမှသာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုပြီးသည့်အချိန်နှင့် လွှတ်တော်များပေါ်ပေါက်သည့်အချိန် ကြားကာလမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အချုပ်အခြာအာဏာ တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ခံကျင့်သုံးပြီး လွှဲပြောင်းပေးမှသာလျှင် စဉ်ဆက်မပြတ် နိုင်ငံတော်ရဲ့ အာဏာကြီး သုံးရပ်ဟာ လည်ပတ်နိုင်မည်ဖြစ်ပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၁တွင်-

"(၁) အခန်း ၆ အရ နည်းလမ်းကျနစွာ ဖွဲ့စည်းသော ပါလီမန်၏ ပထမ အစည်းအဝေးကို ကျင်းပသည့်တိုင်အောင် ဤတိုင်းပြည်ပြုလွှတ်တော် သည် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး၏ အာဏာအားလုံး၊ တာဝန်ဝတ္တရား အားလုံးနှင့် အခွင့်အရေးအားလုံးကို သုံးစွဲဆောင်ရွက် ခံစားရမည်။

(၂) နိုင်ငံတော်ယာယီသမ္မတအဖြစ်ဖြင့် တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သော ပုဂ္ဂိုလ်သည် အခန်း ၅ အရ နိုင်ငံတော် သမ္မတကို နည်းလမ်းကျနစွာ ရွေးကောက်တင်မြှောက်သည့် တိုင်အောင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံတော်ယာယီသမ္မတဖြစ်ရမည်။ ထို့ပြင် ထိုနိုင်ငံတော် ယာယီ သမ္မတသည် ဤအခြေခံဥပဒေက နိုင်ငံတော်သမ္မတအား အပ်နှင်းထားသော အာဏာအားလုံးနှင့် တာဝန်ဝတ္တရားအားလုံးကို သုံးစွဲဆောင်ရွက်ရမည်။

နိုင်ငံတော်ယာယီသမ္မတအဖြစ်ဖြင့် ထမ်းရွက်သောကာလအပိုင်းအခြားကို ပုဒ်မ ၄၈ရှိ ပုဒ်မခွဲ(၂)အရ ရာထူးသက်တမ်းကို တွက်စစ်ရာတွင် ထည့်သွင်း၍ မရေတွက်ရ။

(၃) ပြည်ထောင်စုယာယီအစိုးရ၏ ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများ အဖြစ်ဖြင့် တိုင်းပြည်ပြုလွှတ်တော်က ရွေးကောက်တင်မြှောက်သော ပုဂ္ဂိုလ်များသည် အခန်း ၅ အရ နည်းလမ်းကျနစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် သမ္မတက ပုဒ်မ ၅၆ရှိ ပြဋ္ဌာန်းချက်များနှင့်အညီ အခြားပုဂ္ဂိုလ်များကို ခန့်ထားသည့် တိုင်အောင် ပြည်ထောင်စုယာယီအစိုးရ၏ ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများ ဖြစ်ရမည်"

လို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါ့ပြင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆တွင်-

"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်သူ့လွှတ် တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က လုပ်ဆောင်ရန် ရှိသည်များကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက နိုင်ငံတော် ၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ လုပ်ဆောင်ရမည်"လို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မှစပြီး ပြည်ထောင်စု လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီကာလအတွင်း နိုင်ငံ တော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံးနိုင်ရေးနဲ့ စပ်လျဉ်းပြီး-

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စု လွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးမကျင်းပမီကာလအတွင်း ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် လွှတ်တော်များရှိပါတယ်။ အဲ့ဒီပေါ်ပေါက်လာမည့်ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို စနစ်တကျ လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။ အဲဒီလိုအာဏာလွှဲပြောင်းပေးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည် ပြုပြီးနောက် လွှတ်တော်များသည် ချက်ချင်းပေါ်ပေါက်လာနိုင်မှာမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက် တင်မြှောက်ရမှာဖြစ်ပါတယ်။ အဲဒီလို ရွေးကောက်တင်မြှောက်နိုင်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုအပ်သောကိစ္စများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အဲဒီလို ပြည်ထောင်စုလွှတ်တော်မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော် ကိုယ်စား လိုအပ်သောဥပဒေပြုလုပ်ငန်းများကို လုပ်ဆောင်ဖို့ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဆောင်ရွက်ပိုင်ခွင့်ပေးထားရန် လိုအပ် ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဲဒီလို ကြိုတင်ဆောင်ရွက်တဲ့လုပ်ငန်းရပ်တွေဟာ ဥပဒေဘောင်အတွင်းကျရောက်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရဆောင်ရွက်တယ်လို့ မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်း ပေးရန် လိုအပ်ပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆ မှာ "ထို့အပြင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံ ဥပဒေကို အကောင်အထည်ဖော်ရန်အတွက် တော်လှန်ရေးကောင်စီက ကြိုတင် ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက် သည်ဟု မှတ်ယူရမည်"လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနဲ့စပ်လျဉ်းပြီး-

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီ ကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်"**

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံတော်၏ ဦးတည်ချက်များထမြောက်အောင်မြင်စေရန် အခြေခံအုတ်မြစ်များကို ချမှတ်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး အတွက် အရှိန်အဟုန်ဖြင့် ဘက်စုံစီမံဆောင်ရွက်ရာမှာ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များထုတ်ပြန်ခြင်းစသည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ကဆက်ခံကြောင်း မူတစ်ရပ်ချမှတ်သင့်ပါတယ်။ နောင်ပေါ်ပေါက် လာမယ့်ပြည်ထောင်စုလွှတ်တော်သည်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံအစိုးရသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်သည့်အာဏာ၊ တာဝန်နှင့်ရပိုင်ခွင့်စသည်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည့်အတွက် လိုအပ်သည်များကို ဆက်လက်စီမံဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၁*

# တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော် ပယ်ဖျက်ခြင်း ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်

*စာမျက်နှာ ၆ မှ*

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၉မှာ "ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်"လို့ ဖော်ပြပါရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့်ရပိုင်ခွင့်များကို ဆက်ခံရေးနဲ့စပ်လျဉ်းပြီး–

**"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်"**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတစ်နိုင်ငံမှာ အစဉ်အဆက်က လက်ခံကျင့်သုံးလာခဲ့တဲ့ တည်ဆဲဥပဒေများကို ဆက်လက်အတည်ပြုခဲ့ကြပါတယ်။ အဲဒီဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါက နိုင်ငံအနေနဲ့ ဆက်လက်ကျင့်သုံးသွားရမှာဖြစ်သလို အဲဒီလို ဆက်လက်ကျင့်သုံးတဲ့ ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေခြင်းမရှိပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုသွားရမှာဖြစ်တဲ့အတွက် အခါအားလျော်စွာ ပြည်ထောင်စုလွှတ်တော်က ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၂၆တွင်–

"(၁) လက်ရှိတရားဥပဒေများသည် ဤအခြေခံဥပဒေနှင့် မညီမညွတ်မဖြစ်သည်အထိလည်းကောင်း၊ ဤအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင်လည်းကောင်း၊ ထိုလက်ရှိတရားဥပဒေများကို ဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ၊ ဥပဒေပြုပိုင်ခွင့်ရှိသော ဥပဒေပြုအဖွဲ့ကသော်လည်းကောင်း၊ ထိုကဲ့သို့သော အာဏာပိုင်ကသော် လည်းကောင်း၊ မရုပ်သိမ်းသေးသမျှ၊ သို့တည်းမဟုတ် မပြင်သေးသမျှ ဆက်လက်၍ အာဏာတည်စေရမည်။

(၂) ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်ကို လေးစားထောက်ထား၍ နိုင်ငံတော်သမ္မတက လိုအပ်သည်ဟု ထင်မြင်သော သင့်တင့်ဆီလျော်သည့် ပြုပြင်ချက်များပါဝင်သော လက်ရှိတရားဥပဒေတစ်ခုခုကို ပါလီမန်ကသော်လည်းကောင်း၊ အခွင့်အာဏာရှိသော အခြားအာဏာပိုင်ကသော်လည်းကောင်း၊ မရုပ်သိမ်းသေးသမျှ၊ သို့တည်းမဟုတ် မပြင်သေးသမျှ၊ နိုင်ငံတော်သမ္မတ၏ အမိန့်တွင် သီးခြားဖော်ပြထားသောနေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဟု နိုင်ငံတော်သမ္မတက အမိန့်ထုတ်၍ ပြဋ္ဌာန်းနိုင်သည်"

လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂(ခ)တွင်လဲ "ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများသည် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်" လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် တည်ဆဲဥပဒေများနှင့် စပ်လျဉ်းပြီး–

**"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတော်တွင် အစဉ်အဆက်က လက်ခံကျင့်သုံးလာသော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများလည်း ရှိခဲ့ပါတယ်။ အဲဒီ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက်အတည်ဖြစ်မှာဖြစ်သလို ဆန့်ကျင်ပါက ပယ်ဖျက်ပြင်ဆင်ရန်လိုမှာ ဖြစ်ပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂(ဂ)၊(ဃ)၊ (င)၊ (စ)တွင်–

"(ဂ) ရှိရင်းစွဲစည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပြုလုပ်ရမည်၊

(င) ရှိရင်းစွဲစည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေ ရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို နိုင်ငံတော်ကောင်စီက ပြုလုပ်ရမည်၊

(စ) ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုနိုင်မီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ သဘောနှင့် ညီညွတ်စေရန် ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက အနက်အဓိပ္ပာယ်ဖွင့်ဆို၍ လုပ်ဆောင်ရမည်"

လို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါကြောင့် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည်ဖြစ်ရေးနဲ့ စပ်လျဉ်းပြီး–

**"တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်း ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့အခါ ယင်းဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှု(သို့မဟုတ်)တရားရုံးအဆင့်ဆင့်တည်ထောင်ခြင်း၊ တရားရုံးအဆင့်ဆင့်၏ စီရင်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း ကိစ္စများကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့တွင် အဆိုပါကိစ္စများကို ပြီးစီးအောင်ဆောင်ရွက်နိုင်ဦးမည်မဟုတ်ပါ။ ဒါကြောင့် ကူးပြောင်းရေးကာလတွင် တရားစီရင်ရေးလုပ်ငန်းများ ရပ်တန့်မသွားစေဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေဖြင့် တရားရုံးသစ်များကို မတည်ထောင်သမျှ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်စေသင့်ပါတယ်။

ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင်ရှိနေသော မှုခင်းများနှင့်စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တွင်ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့အစည်းများ (သို့မဟုတ်) အစိုးရဌာနများနှင့် ဝန်ထမ်းများသည် မိမိတို့နှင့်သက်ဆိုင်ရာလုပ်ငန်းများကို အရှိန်မပျက်ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဒ့ါအပြင် ယင်းဝန်ထမ်းများ၏ လုပ်ခွင်တည်မြဲမှုရှိစေရန်လည်း လိုအပ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂၉ တွင် "ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲကာလက မြန်မာနိုင်ငံတော်အစိုးရ လက်အောက်တွင် အမှုထမ်းခဲ့ကြသော အရာထမ်း၊ အမှုထမ်းများသည် ပြည်ထောင်စုမြန်မာနိုင်ငံက အခြားပြဋ္ဌာန်းချက်မပြုသမျှ ဆက်လက်အမှုထမ်းရမည်"လို့ ဖော်ပြပါရှိပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂(ဆ)(ဇ)တွင်–

"(ဆ) ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ သဘောနှင့် ညီညွတ်စေရမည်၊

(ဇ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ စတင်တည်သည့်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသောအဖွဲ့အစည်းများ၊ အမှုထမ်းရွက်ဆဲဖြစ်ကြသော ဝန်ထမ်းများနှင့် အလုပ်သမားအားလုံးသည် နိုင်ငံတော်ကောင်စီက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်"

လို့ ဖော်ပြပါရှိပါတယ်။

ဒ့ါကြောင့် နိုင်ငံ့ဝန်ထမ်းများနဲ့စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ဖွဲ့စည်းထားရှိသည့်တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမည့်မူများကိုစုစည်း၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါတယ်–

၁။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်း၌ အာဏာတည်သည်။**

၂။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။**

၃။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။**

၄။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။**

၅။ **တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

၆။ **တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

၇။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်။**

၈။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက် တည်ရှိစေရမည်။**

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းလို့ ကျွန်တော်စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန် သင့်၊ မသင့် ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း ထပ်လောင်းမေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

**ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင်သည့်နေ့တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော် အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်။**





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) စတုတ္ထနေ့တွင် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး နိဂုံးချုပ်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

❒ *ကျောဖုံးမှ*

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဆောင်ရွက်၍ သဘာအပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် သူရဦးမြင့်မောင်နှင့် ဦးသိန်းဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းကျော်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နန်းရွှေအေးကလည်းကောင်း ဆောင်ရွက်ကြသည်။

## လုပ်ငန်းလမ်းညွှန်

အစီအစဉ်အရ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)တွင် မိန့်ကြားခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒမိန့်မှာချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ လိုက်နာကျင့်သုံးသွားရန် ဤအစည်းအဝေးကြီးက ဆုံးဖြတ်ကြောင်းကို ကြေညာသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ပတ်သက်ပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူရာ အသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက သဘောတူကြသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

## ရှေ့လုပ်ငန်းစဉ်(၉)ရပ်

ဆက်လက်၍ သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသော ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ရန် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆန္ဒကို ရယူရာ အသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက သဘောတူကြသည့် အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသော ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ်ချမှတ်ရန် ဤအစည်းအဝေးဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)၏ ဦးတည်ချက် (၇) ရပ်ကို မှတ်တမ်းတင်ရေးနှင့်စပ်လျဉ်း၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူရာ အသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက သဘောတူကြသည့်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ ဦးတည်ချက်(၇)ရပ်ကို မှတ်တမ်းတင်ကြောင်းကြေညာသည်။

## မှတ်တမ်းတင်

ဆက်လက်၍ သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ပထမနေ့တွင် တင်သွင်းသည့် ပြည်နယ်နှင့် တိုင်းအလိုက် တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို မှတ်တမ်းတင်ရန် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူရာ အသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက သဘောတူကြသည့်အတွက် ပြည်နယ်နှင့်တိုင်း အလိုက် တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) တတိယနေ့တွင်တင်သွင်းသည့် စုဖွဲ့မှုများအလိုက် **‘စည်းရုံးရေးနှင့် စီမံရေးရာ’ကဏ္ဍ၊ ‘ပညာရေးရာနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာ’ကဏ္ဍ၊ ‘စီးပွားရေးရာ’ကဏ္ဍ၊ ‘ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များ’ ကဏ္ဍ၊ ‘စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး’ကဏ္ဍနှင့် ‘ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေး’**ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ရေးနှင့် ပတ်သက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ဆန္ဒကို ရယူရာ အသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက သဘောတူကြသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ဖတ်ကြားတင်ပြ

ဆက်လက်၍ အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)က ချမှတ်လိုက်သည့် ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သင်းလုံးကျွတ်အစည်းအဝေးများ၏ ကောင်းမြတ်သည့် အစဉ်အလာများအတိုင်း သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)တွင်လည်း ပြည်နယ်၊ တိုင်း အသီးသီးက အသင်းဝင်များ ကိုယ်စား စုံညီစွာတက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အမိနိုင်ငံတော်ကြီး၏ အမျိုးသား အကျိုးစီးပွား တိုးတက်ဖော်ဆောင်နိုင်ရေးအတွက် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ကျယ်ပြန့်စွာညှိနှိုင်း ဆွေးနွေးနိုင်ခဲ့ကြကြောင်း။

## အကောင်အထည်ဖော်နိုင်မှု

အစည်းအဝေးတွင် အသင်းကြီးက ချမှတ်ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် တစ်နှစ်တာကာလအတွင်း ပြည်နယ်၊ တိုင်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသွားခဲ့ကြကြောင်း။

ထို့အပြင်အသင်းကြီး၏ စည်းရုံးရေးကဏ္ဍ၊ စီမံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍတို့သာမကဘဲ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အထူးအရေးပါသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး ကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ၊ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားတို့ဖြင့် ကာကွယ်တိုက်ဖျက်ရေးတို့ကိုလည်း အလေးထားပြီး ဆွေးနွေးခဲ့ကြကြောင်း။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) စတုတ္ထနေ့တွင် အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းကျော်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရွှေအေးတို့ ဆောင်ရွက်စဉ်။** (သတင်းစဉ်)

အသင်းဝင်များအနေဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးရာတွင် ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ ပိုမိုတိုးတက်ဆောင်ရွက်နိုင်စေရန် စိတ်အားထက်သန်စွာဖြင့် ဆွေးနွေးခဲ့ကြမှုများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

## များပြားကျယ်ပြန့်

ယနေ့နံနက်ပိုင်းတွင် မိမိတို့အသင်းကြီး၏ နာယကကြီးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်ကြွရောက်ပြီး အသင်းအဆင့်ဆင့်က လိုက်နာကျင့်သုံးရမည့် အချက်များကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“တစ်မျိုးသားလုံးရဲ့ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရေးဟာ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့ နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည် လက်ခံရမည့် တစ်မျိုးသားလုံးနဲ့အကျိုးဝင်တဲ့ မွန်မြတ်တဲ့ပန်းတိုင်ဖြစ်ကြောင်း၊ ဒီလိုမွန်မြတ်အရေးပါတဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးမှာ ပြည်သူလူထုတစ်ရပ်ကို အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာအောင် ဦးဆောင်စည်းရုံးသွားဖို့အတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမျိုးသားရေးအင်အားစုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းကြီးဟာ မျိုးဆက်တစ်ခုမှ မျိုးဆက်သစ်တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်ဆက်တိုက် အကောင်အထည်ဖော်ကြရမည့်လုပ်ငန်းကြီးဖြစ်ကြောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည့် လုပ်ငန်းကြီးဖြစ်ပြီး ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးနိုင်အောင် အားထုတ်ကြရခြင်းဖြစ်ကြောင်း၊ စည်းလုံးမှုစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတွေနဲ့ ပြည့်စုံနေတဲ့အပြင် လူမှုရေးကျင့်ဝတ် ခိုင်မြဲအောင် အားထုတ်ပြီး အမျိုးသားရေးစိတ်ဓာတ် မြင့်မားနေတဲ့ နိုင်ငံသားများကသာ ထူထောင် အကောင်အထည်ဖော်နိုင်ခဲ့တာကို သမိုင်းစဉ်မှာ လေ့လာတွေ့ရှိမှာ ဖြစ်ကြောင်း၊ ပြည်သူတွေ**

● *ကျောဖုံးမှ*

စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် အသင်းကြီးက တက်ကြွစွာပါဝင် ပူးပေါင်းဆောင်ရွက်ရေး၊
- နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စတုတ္ထကာလတို ငါးနှစ်စီမံကိန်းအောင်မြင်ရေးနှင့် စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား၍ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊
- အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်းစွမ်းရည်များ မြှင့်တင်ရင်း ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေးနှင့် နယ်ပယ်အားလုံး ကွက်ပြည့်တိုးချဲ့စည်းရုံးရေး၊
- လုပ်ငန်းစဉ်ကြီး(၅)ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရင်း စည်းရုံးရေးခိုင်မာစွာ တည်ဆောက်ရေးနှင့်
- အသင်းနာယကကြီးမိန့်ကြားသော သြဝါဒများအား မိမိတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးရေးတို့ဖြစ်သည်။

## အတည်ပြုခြင်း

အတည်ပြုခြင်းတစ်ရပ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ပထမနေ့ (၅-၁၁-၂၀၀၆)တွင် တင်သွင်းသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်း(၃)ရပ်အနက် မှတ်တမ်းတင်ခြင်းအမှတ်(၁)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ပထမနေ့ (၅-၁၁-၂၀၀၆)တွင် တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင်ပါရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ ဦးတည်ချက်များကို မှတ်တမ်းတင်ခြင်းဖြစ်ပြီး မှတ်တမ်းတင်ခြင်းအမှတ်(၂)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ပထမနေ့ (၅-၁၁-၂၀၀၆)တွင် တင်သွင်းသည့် ပြည်နယ်နှင့် တိုင်းအလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မှတ်တမ်းတင်ခြင်းဖြစ်၍ မှတ်တမ်းတင်ခြင်း အမှတ်(၃)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)တတိယနေ့ (၇-၁၁-၂၀၀၆)တွင် တင်သွင်းသည့် စုဖွဲ့မှုများအလိုက် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ၊ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ၊ စီးပွားရေးရာကဏ္ဍ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍနှင့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။ **(သတင်းစဉ်)**

မျှော်မှန်းထားတဲ့ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှာ စွမ်းရည်မြင့်မားတဲ့ နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဟာ နိုင်ငံသားအားလုံး ဝိဝါဒကွဲပြားစရာမရှိတဲ့ အမျိုးသားရေးဝါဒဖြစ်ကြောင်း၊ နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းကြီးဟာ အလွန်နက်နဲ ကျယ်ပြန့်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တွေ များပြားကျယ်ပြန့်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အေးချမ်းတည်ငြိမ်မှု အမျိုးသားအင်အား ခိုင်မာတောင့်တင်းရန်လိုကြောင်း လမ်းညွှန်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေခံအဆောက်အအုံတွေ ပြည့်စုံလုံလောက်ရန်လိုအပ်ပြီး စီးပွားရေးစွမ်းအားနှင့် လူမှုရေးစွမ်းအားတွေကို မြှင့်တင်သွားရန်လိုအပ်ကြောင်း၊ ဒါကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ ဖော်ဆောင်သွားမည့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကိုလည်း ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ဒီလိုဆောင်ရွက်ရေးမှာ အဓိကအကျဆုံး လိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မမိုတ်မသုန် ယုံကြည်တယ်လို့လည်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ဒါ့အပြင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နဲ့ ကျေးလက်မီးလင်းရေးအတွက်ကိုပါ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်သွားကြဖို့လည်း လမ်းညွှန်မှာကြားသွားခဲ့ပါကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ အခြေခံအုတ်မြစ်တွေဖြစ်တဲ့ နိုင်ငံတော်အေးချမ်းတည်ငြိမ်အောင်ဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ စီးပွားရေးဘဝတောင့်တင်းအောင် ဆောင်ရွက်ရေးနဲ့ အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးတို့ကိုလည်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနဲ့အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးက ချမှတ်ထားတဲ့ သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်တဲ့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်ကိုလည်း ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြဖို့ကိုလည်း" လမ်းညွှန်မိန့်ကြားသွားခဲ့ပါကြောင်း။

## အကောင်အထည်ဖော်

နာယကကြီး၏ လမ်းညွှန်မိန့်ကြားချက်များသည် အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပကတိ တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေမှုများကို ရှင်းလင်းပြတ်သားစွာ သိမြင်စေသည့် အပြင် အသင်းကြီးက ခံယူကျင့်သုံးဆောင်ရွက်ရမည့် တာဝန်များကို တိကျပြတ်သားစွာ လမ်းညွှန်မိန့်ကြားခဲ့ခြင်းဖြစ်ကြောင်း၊အသင်းကြီးအနေဖြင့် နာယကကြီး၏ လမ်းညွှန်မိန့်ကြားမှုများကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

အသင်းကြီး၏ ဗဟိုအနာယကအဖွဲ့ဝင်ဖြစ်သည့် ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း အကြိုညှိနှိုင်းအစည်းအဝေးစတင်ပြုလုပ်တဲ့နေ့တွင်ပဲ အမှာစကားပြောကြားရာတွင် တိုးတက်များပြားလာတဲ့ အသင်းဝင်များဟာ အလွှာပေါင်းစုံ၊ နယ်ပယ်စုံ၊ အရွယ်စုံကို ကိုယ်စားပြုဝင်လာနေခြင်းဖြစ်ကြောင်း၊ အရေအတွက် များပြားလှတဲ့ အသင်းဝင်တွေရဲ့ စိတ်ဓာတ်နဲ့ အရည်အချင်း တိုးတက်မြင့်မား လာစေဖို့ လေ့ကျင့်ပျိုးထောင်မှုသင်တန်းတွေ၊ ဆွေးနွေးပွဲတွေ၊ လက်ရှိလုပ်ကိုင်ပေးနေတဲ့အတိုင်း စဉ်ဆက်မပြတ်လုပ်ပေးရမှာဖြစ်ကြောင်း၊ ရရှိတဲ့ အသိအမြင်တွေရဲ့ အတွေ့အကြုံတွေကို အခြေခံပြီး လက်တွေ့နယ်ပယ်မှာ သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်တတ်အောင် သင့်တော်တဲ့ တာဝန်တွေကို စနစ်တကျ ပေးအပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံအင်အားဖြစ်တဲ့ အသင်းဝင် တစ်ဦးချင်းရဲ့ တစ်ဦးချင်းတာဝန်ယူမှု၊ စုပေါင်းတာဝန်ယူမှု၊ တစ်ဦးချင်းရဲ့ လွတ်လပ်စွာ တီထွင်ကြံဆမှုနဲ့ အဖွဲ့အစည်းရဲ့ ထိန်းကျောင်းမှု အဆင့်ဆင့်နဲ့ ခေါင်းဆောင် တစ်ဦးချင်းရဲ့ ဦးဆောင်ဦးရွက်ပြုနိုင်မှု၊ အသင်းဝင်များရဲ့ တလေးတစား ညီညွတ်စွာ နာခံလိုက်နာမှု၊ အထက်အဖွဲ့အစည်းများရဲ့ ကြီးကြပ်ထိန်းကျောင်းမှုနဲ့ အောက်အဆင့်ဆင့်အဖွဲ့အစည်းများရဲ့ တာဝန်ခံမှုတွေကို သဟဇာတ ကျကျပုံဖော်သွားနိုင်လိုကြောင်း၊ တိုင်းပြည်ကို ထူထောင်နိုင်စွမ်းရှိတဲ့ စည်းရုံးရေးအား၊ စည်းရုံးရေးထုကို ဖန်တီးဖော်ဆောင်ရေးဟာ အသင်းကြီးရဲ့ ကြီးလေးတဲ့ တာဝန်ဖြစ်ကြောင်း၊ အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ပြီး ခေတ်သစ်စနစ် ကူးပြောင်းရေးမှာ ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ရေး ရှင်းလင်း မှာကြားခဲ့ကြောင်း၊ ဗဟိုနာယကအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ လမ်းညွှန် မှာကြားချက်များသည် အသင်းကြီးက နယ်မြေလူထု၏ အကျိုးအတွက် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေဖြင့် အလေးထားမှတ်သားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

## တွန်းလှန်ချေမှုန်း

အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေကြသည့် အသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရုံသာမကဘဲ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်အသွယ်သွယ်ကို ကြိုတင် မျှော်တွေးပြီး ကာကွယ်တားဆီးနိုင်ရန်နှင့် ကျရောက်လာရင်လည်း တွန်းလှန်ချေမှုန်းရန် တာဝန်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်လာရန်လည်း စည်းရုံးရေးနည်းလမ်းအားဖြင့် အစဉ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ကြုံတွေ့ရသည့် မည်သည့်အနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတား၊ အခက်အခဲများကိုမဆို အသင်းဝင်များ၏ စည်းရုံးမှုစွမ်းအား၊ ကြံ့ခိုင်သော စိတ်ဓာတ်တို့ဖြင့် တွန်းလှန်ချေမှုန်းနိုင်မည်ဟု ယုံကြည်ပါကြောင်းကို ပြောကြားလိုကြောင်း။

အောင်မြင်ပြီးဆုံးပြီ ဖြစ်သည့် အစည်းအဝေးကြီးတွင် ပြည်နယ်၊ တိုင်းအသီးသီးက အသင်းဝင် ကိုယ်စားလှယ်များသည် အတွေး၊ အမြင်၊ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဖလှယ်နိုင်ခဲ့ကြကြောင်း၊ အရေးပါသည့် ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းလမ်းညွှန်မှုများကိုလည်း ရရှိခဲ့ကြကြောင်းဖြင့် ပြောကြားသွားသည်။

## တစ်ခဲနက်ကြွေးကြော်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်လာကြသည့် အသင်းအဆင့်ဆင့်တို့မှကိုယ်စားလှယ်များက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟု တစ်ခဲနက်ကြွေးကြော်ကြပြီး မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**



မန္တလေး ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီးအတွက် ရန်ကုန်မြို့ ကမာရွတ် မြို့နယ် ပြည်လမ်းနေ ဦးပန်းခိုင်-ဒေါ်အုံးခင်နှင့် ဦးသိန်း-ဒေါ်ခင်ဆယ်တို့အားရည်စူး၍ ဒေါ်စမ်းစမ်းနွယ်(တွဲဖက်ပါမောက္ခ) အဆောင်မှူး တကောင်းဆောင် ပညာရေးတက္ကသိုလ်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ ပထမထပ်(အလှူငွေလက်ခံဌာန) ဦးမျိုးသန့်နေအိမ်၌ ကျောင်းအလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်ကလက်ခံပြီး ကျောင်းအကျိုးဆောင်ဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## မိုးလေဝသအခြေအနေ (၁၄-၁၁-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။



(၈၆)နှစ်မြောက် အမျိုးသား နေ့အထိမ်း အမှတ် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၉ ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၅) ကျောင်းခန်းမတွင် ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pelin Orang Kaya Pekerma dewa Dato Seri Setia Lim Jock Seng ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**

### အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ထွန်းလိုက်ပါလျက် နိုဝင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Pehin Orang Kaya indera Pahlawan Dato Seri Setia Haji Awang Suyoi bin Haji Osman အား လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီး H.E. Pehin Orang Kaya Seri Lela Dato Seri Setia Haji Awang Abdul Rahman bin Dato Setia Haji Mohamed Taib အားလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှု တိုးမြှင့်ရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

### အပြန်အလှန်ပေးအပ်

ယင်းနေ့ညပိုင်းတွင် ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ် နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက Emperor's Court ၌ ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရ လက်ဆောင်တို့ကို အပြန်အလှန်ပေးအပ်ကြသည်။

### ပိုမိုပူးပေါင်းဆောင်ရွက်ရေး

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဘရူနိုင်းဒါရုဆလမ် နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး လိုက်ပါလျက် နိုဝင်ဘာ ၇ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ သံတမန်များအကြီးအကဲ မင်းသမီး HRH Paduka Seri Pengiran Anak Puteri Hejah Masna binti Al-Marhum Sultan Haji Omar 'Ali Saifuddien Sa' adul Khairi Waddien အား လည်းကောင်း၊ ဘရူနိုင်း ဘုရင့်နန်းတော်ဝင်းအတွင်းရှိ ဘုရင့်ညီတော်၏ ဧည့်ခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား HRH Prince Duli Yang Teramat Mulia Paduka Seri Pengiran Perdana Wazir Sahibul Himmah Wal-Waqar Pengiran Muda Mohamed Bolkiah ibni Al-Marhum Sultan Haji Omar: 'Ali Saifuddien Sa' adul Khairi Waddien အား လည်းကောင်း သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အကြားတည်ရှိသော ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ အပြန်အလှန် ကူညီရိုင်းပင်းမှုနှင့် အာဆီယံအဖွဲ့အစည်း အတွင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

### ညစာစားပွဲတက်ရောက်

ဒုတိယဝန်ကြီး ဦးကျော်သူသည် နိုဝင်ဘာ ၈ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး လိုက်ပါလျက် ဘန်ဒါဆရီဘီဂါဝန် မြို့တော်၌ သံရုံးများသို့ အသစ်နေရာ ချထားပေးသော သံတမန်ရပ်ကွက်မြေနေရာသို့ သွားရောက်ကြည့်ရှု လေ့လာပြီး ညပိုင်းတွင် သံအမတ်ကြီး၏ နေအိမ်၌ မြန်မာ သံရုံး ဝန်ထမ်း မိသားစုများအား ခင်မင်ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်ကာ သံအမတ်ကြီးနှင့် ဇနီးတို့က တည်ခင်းသော ညစာစားပွဲသို့တက်ရောက်ခဲ့သည်။

### ကြည့်ရှုလေ့လာ

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး လိုက်ပါလျက် နိုဝင်ဘာ ၉ ရက်တွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၏ ပူးပေါင်းစီစဉ်မှုဖြင့် ဘရူနိုင်း ဒါရုဆလမ် တက္ကသိုလ်နှင့် ပြည်သူ့ဝန်ထမ်း တက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

### ပြန်လည်လိုက်ပါ

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွင်အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် နိုင်ငံရေးရာဦးစီးဌာန အရှေ့တောင်အာရှဌာနမှ ဌာနစုမှူး ဒေါ်ခင်နီလာစိုးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

# အထက(၃) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၃**

သတ္တမအကြိမ်မြောက် ယခင်မက်ဒရစ်ရေကျော် အစိုးရအထက်တန်းကျောင်း ယခုအထက(၃)ဗိုလ်တထောင် ကျောင်းသား ကျောင်းသူဟောင်းများက အသက်၆၀ ပြည့်ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော် ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ၂၅ရက် (စနေနေ့)တွင် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၌ကျင်းပမည်ဖြစ်သည်။ထိုနေ့တွင် ကွယ်လွန်ခဲ့ကြပြီဖြစ်သော ဆရာကြီး၊ ဆရာမကြီးများနှင့် သူငယ်ချင်းများအား ရည်စူး၍ သဒ္ဓမ္မမဏ္ဍိုင် ဆရာတော် (ကျောင်းသားဟောင်း)နှင့် သံဃာတော်၊ အရှင်သူမြတ်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# အာရှအသက် (၁၉) နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း သုံးဂိုးစီသရေဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

၂၀၀၇ခုနှစ် အာရှ အသက် (၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ (AFC U-19 Women's Championship 2007 Qualifying Round) ခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ည ဒေသစံတော်ချိန် ည၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

### သရေဖြစ်

(က)အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။

### သွင်းယူခဲ့

မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းအတွက် ဂိုးသွင်းသူများမှာ ဒုတိယပိုင်း ၃၁မိနစ်တွင် မသက်ဖြူက ပထမဂိုးကို လည်းကောင်း၊ ၃၅မိနစ်တွင် အေးအေးခိုင်က ပယ်နယ်တီဂိုးဖြင့် ဒုတိယဂိုးကို လည်းကောင်း၊ ၄၄မိနစ်တွင် အိအိဖြိုးက တတိယဂိုးကို လည်းကောင်း အသီးသီး သွင်းယူခဲ့သည်။

### ခုနစ်မှတ်ရ

မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းသည် (က)အုပ်စုတွင် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်ရရှိထားသည်။

မြန်မာအမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင် စင်ကာပူအမျိုးသမီး လက်ရွေးစင် အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# ကမ္ဘာ့ ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day)

(၁၄-၁၁-၂၀၀၆)

"ဆီးချိုသွေးချိုကင်းဝေးဖို့ လူတိုင်းပါဝင်စောင့်ရှောက်စို့"

"Diabetes Care For Everyone"

ကျန်းမာရေးဝန်ကြီးဌာန။

# အမျိုးသားနေ့ရဲ့ အနှစ်သာရ အစဉ်ထာဝရ ထိန်းသိမ်းမြှင့်တင်

## မြင့်ဝေလှိုင်

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဟာ မြန်မာ တိုင်းရင်းသား ညီအစ်ကိုအားလုံးအတွက် မမေ့အပ်တဲ့ အမျိုးသားနေ့ ဖြစ်ပါတယ်။

အမျိုးသားနေ့ရယ်လို့ ပေါ်ပေါက်လာခဲ့ရတဲ့ အကြောင်းရင်းနဲ့ အမျိုးသားနေ့ရဲ့ အနှစ်သာရကို ပြန်လေ့လာကြည့်တဲ့အခါ မြန်မာ တိုင်းရင်းသားတွေရဲ့ ရင်ထဲ အသည်းထဲမှာ အစဉ်အမြဲတည်ရှိခဲ့တဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်မြက်မှုကို အထင်းသား တွေ့မြင်ကြရမှာဖြစ်ပါတယ်။

၁၉ ရာစုခေတ်ဦးပိုင်းဟာ နယ်ချဲ့အင်္ဂလိပ်က မြန်မာနိုင်ငံတစ်ဝန်းကို ၎င်းတို့စိတ်ကြိုက် ပုံသွင်းထွင်းထုလို့ ကျွန်ပြုနေဆဲကာလပါ။ မြန်မာ တိုင်းရင်းသားပြည်သူတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ ကဏ္ဍ အသီးသီးကို နယ်ချဲ့တို့ဟာ လက်ဝါးကြီးအုပ်ပြီး ၎င်းတို့အလိုကျ ရုပ်သေးရုပ်များပမာ ဖန်တီးကြိုးကိုင် ခြယ်လှယ်နေတဲ့ကာလပဲဖြစ်ပါတယ်။

၁၉၀၆ ခုနှစ်မှာ နယ်ချဲ့ဆန့်ကျင်ရေးအတွက် အမျိုးသားနိုင်ငံရေး အင်အားစုဖြစ်တဲ့ ဝိုင်အမ်ဘီအေအသင်းကြီး ပေါ်ပေါက်လာပါတယ်။ ဝိုင်အမ်ဘီအေအသင်းကြီးဟာ မျိုးချစ် မြန်မာတိုင်းရင်းသားတို့အတွက် အလေးထား အားကိုးရာအသင်းကြီးတစ်သင်း ဖြစ်လာပါတယ်။ မရှေး မနှောင်းကာလ ၁၉၁၀ ပြည့်နှစ်မှာ သူရိယသတင်းစာ၊ မော်လမြိုင် မြန်မာ တိုင်းသတင်းစာနဲ့ ၁၉၁၄ ခုနှစ်မှာ မြန်မာ့အလင်းသတင်းစာတို့ဟာလဲ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်လပ်ရေးစတဲ့ အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများအတွက် အထင်အရှားပေါ်ထွက်လာပါတယ်။

နောက်ပိုင်းကာလမှာ နယ်ချဲ့တွေဟာ မြန်မာတိုင်းရင်းသားတွေ ပညာရေးနိမ့်ကျအောင်၊ ခေတ်နဲ့အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင်၊ ၎င်းတို့အတွက်သာ အကျိုးဖြစ်ထွန်းစေမယ့် ထားရာနေ စေရာသွားသူများ ဖြစ်လာအောင် ကျွန်ပညာရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဖို့ ကြိုးစားလာပါတော့တယ်။ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလမှာ ကျွန်ပညာ ရေးစနစ်ကို အခြေခံတဲ့ နယ်ချဲ့တို့အလိုကျ ယူနီဗာစီတီအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (မြန်မာ သက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)မှာ မြန်မာတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကျွန်ပညာရေးစနစ်ကို အခြေခံတဲ့ ယူနီဗာစီတီအက်ဥပဒေကို ဆန့်ကျင်ခဲ့ကြပါတယ်။

၁၉၂၀ ပြည့်နှစ်မှာပဲ ဝိုင်အမ်ဘီအေအသင်းအစား ဂျီစီဘီအေ မြန်မာအမျိုးသားအသင်းချုပ်ကြီး ဖွဲ့စည်းပေါ်ပေါက်ခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် အရေးပါတဲ့ အမျိုးသားနိုင်ငံရေး အသင်းကြီး ဖြစ်လာပါတော့တယ်။

ဂျီစီဘီအေအသင်းကြီးရဲ့ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်ကနေ ၂၄ ရက်နေ့ (၁၂၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်ကနေ ၈ ရက်နေ့)အထိ မန္တလေးမြို့မှာ ကျင်းပခဲ့ပါတယ်။ အဲဒီကွန်ဖရင့်က နယ်ချဲ့ဆန့်ကျင်ရေးအတွက် အရေး ပါတဲ့ အမျိုးသားနေ့ကိုသတ်မှတ်ဖို့ ဂျီစီဘီအေအသင်းချုပ်ရဲ့ ဂျင်နရယ် ကောင်စီကို တာဝန်ပေးတဲ့အခါ ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက် (၁၂၈၄ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်နေ့)မှာ အမျိုးသားနေ့အဖြစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်နေ့ကို သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီလို အမျိုးသားနေ့ကို သတ်မှတ်လိုက်ပြီးနောက် အမျိုးသားနေ့နဲ့ ပတ်သက်လို့ သမိုင်းစာမျက်နှာများမှာ ဘယ်လိုဖော်ပြထားသလဲလို့ဆိုရင်–

> **"အမျိုးသားနေ့ဟု သတ်မှတ်လိုက်ပြီးနောက် ဝံသာနုများ၊ အမျိုးသားကျောင်းဆရာများ၊ ကျောင်းသူ ကျောင်းသားများနှင့်တကွ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ကျင်းပကြသည်။ ယင်းသို့ နှစ်စဉ်နှစ်တိုင်းကျင်းပခြင်းဖြင့် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် တက်ကြွရေးတို့ကို လှုံ့ဆော်မြှင့်တင်ပေးနိုင်ခဲ့သည်"**

လို့ ဖော်ပြထားပါတယ်။

ဒါဆိုရင် အမျိုးသားနေ့ဖြစ်ပေါ်လာခဲ့ရတဲ့ အကြောင်းရင်းနဲ့ အမျိုးသားနေ့ရဲ့အနှစ်သာရကို အထူးသဖြင့် ယနေ့မျိုးဆက်သစ် မြန်မာ တိုင်းရင်းသားလူငယ်များ အထင်အရှားသိမြင်ကြရပြီလို့ ထင်ပါတယ်။ ထို့အတူပဲ ယနေ့ကာလ အမျိုးသားနေ့ရဲ့ အနှစ်သာရတွေကိုလည်း လေ့လာသုံးသပ်တင်ပြလိုပါတယ်။

မျက်မှောက်ခေတ်ရဲ့ အမျိုးသားနေ့အနှစ်သာရက ဒို့တာဝန် အရေး(၃)ပါးကို ထိန်းသိမ်းကာကွယ်ရေးနဲ့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးပဲဖြစ်ပါတယ်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန် အရေး(၃)ပါးဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အမျိုးသားရေးမူဝါဒတွေပဲ ဖြစ်ပါတယ်။ အဲဒီ အမျိုးသားရေးမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ အမျိုးသားရေးတာဝန်အဖြစ် ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။

ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းကာကွယ်ရေးနဲ့အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးဆိုတဲ့ အမျိုးသားရေးတာဝန်ကို နိုင်ငံသားတိုင်းက အမျိုးသားရေးအမြင်နဲ့ ဆင်ခြင်သုံးသပ် ကြိုးပမ်း ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။

> **"အမျိုးကို စောင့်ရှောက်လိုမှု၊ အမျိုးကိုချီးမြှောက်လိုမှု စတဲ့ သဘောထားခံယူချက်တွေ ထက်သန်ခိုင်မာ အားကောင်းလာတာနဲ့အမျှ တစ်မျိုးသားလုံးအပေါ် ကျရောက်ဆဲ၊ ကျရောက်လာအံ့ဖြစ်တဲ့ ဘေးအန္တရာယ်တွေကို ဖယ်ရှားတွန်းလှန်ကာကွယ်ရမယ့် နည်းလမ်းတွေ၊ မျိုးရိုးဗီဇစရိုက်လက္ခဏာတွေ မပျောက်မပျက် မတိမ်ကောစေဖို့နဲ့ ရေရှည်ရပ်တည်နိုင်မယ့် နည်းလမ်းတွေ၊ တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာနဲ့ ဥမကွဲသိုက်မပျက် ရှိစေမယ့် နည်းလမ်းတွေ၊ တစ်မိသားစုချင်း စည်းကမ်းတကျ တည်ငြိမ်အေးချမ်း ပျော်ရွှင်လွတ်လပ်စွာ နေထိုင်နိုင်ကြမယ့် နည်းလမ်းတွေ၊ စားဝတ်နေရေးဖူလုံပြည့်စုံရုံသာမက တိုးတက်ဖွံ့ဖြိုးစည်ပင်တဲ့ အမျိုးသားစီးပွားရေးကို ထူထောင်နိုင်မယ့် နည်းလမ်းတွေကို မိမိတို့ရဲ့သမိုင်းအစဉ်အလာ၊ လူသားစွမ်းရည်၊ အခြေခံစွမ်းအား၊ သဘာဝအရင်းအမြစ်များ၊ မျက်မှောက်ပြုနေရတဲ့ ပကတိအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတွေနဲ့ ဆက်စပ်ပြီး ယထာဘူတကျကျ တွေးခေါ်ရှုမြင်ခြင်း"**

ဟာ အမျိုးသားရေးအမြင်ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပေါင်းစည်း နေထိုင်ရာ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ လွန်စွာမှ အရေးကြီးပါတယ်။ တစ်ချိန်က နယ်ချဲ့တို့ရဲ့သွေးခွဲသပ်လျှိုမှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရတဲ့ ဖြစ်ရပ်တွေ၊ ကျွန်သက်ရှည်ခဲ့ရတဲ့ဖြစ်ရပ်တွေဟာ သမိုင်းစာမျက်နှာများမှာ အထင်အရှားရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် နယ်ချဲ့တို့ရဲ့ အရိပ်မည်းကို အမြဲမပြတ် သတိချပ်လို့ အမျိုးသားရေးအမြင်နဲ့ ကာကွယ်တားဆီး သွားကြရမှာဖြစ်ပါတယ်။

**ယနေ့ကာလမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအပေါ် အခြေခံပြီးတည်ဆောက်ထားတဲ့ တည်ငြိမ်အေးချမ်း ညီညွတ်မျှတတဲ့ နိုင်ငံရေးအခြေခံကောင်းတွေ ရရှိဖြစ်ထွန်းနေပြီ ဖြစ်ပါတယ်။ အဲဒီ အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းတွေ၊ အကျိုးရလဒ်ကောင်းတွေကို ပြည်တွင်းပြည်ပအဖျက်သမားများက ပျက်စီးအောင် တိုးမြှင့်လုပ်ဆောင် လျက်ရှိကြပါတယ်။ ခေတ်မီ မီဒီယာစနစ်တွေကို အသုံးပြုပြီး မြန်မာ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတာဟာ နယ်ချဲ့လက်သစ်တို့ရဲ့ နယ်ချဲ့နည်းတစ်ခုပဲ ဖြစ်ပါတယ်။**

နယ်ချဲ့လက်သစ်တွေဟာ ပြည်တွင်းမှာတည်ငြိမ်အေးချမ်းနေမှု ပျက်ပြားအောင် ဆူပူလှုပ်ရှားမှုတွေ လုပ်နေတာ၊ အကြမ်းဖက်မှုတွေ ဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးနေတာ လုပ်နေကြသလိုပဲ သံတမန်ရေး အရ၊ စီးပွားရေးအရ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဟန့်တားမှုတွေ၊ ဖိအား ပေး အကျပ်ကိုင်မှုတွေကိုလည်း ပြုလုပ်နေကြပါတယ်။

တစ်ဖက်ကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်နေမှုကို မျက်ကွယ်ပြုပြီး နိုင်ငံဆုတ်ယုတ်နေတယ်၊ စီးပွားရေးကျဆင်းနေတယ်၊ ဘေးရောဂါ ကပ်ဆိုးတွေဖြစ်ပေါ်နေတယ် စတဲ့ မဟုတ်မဟတ် လုပ်ဇာတ်တွေခင်းပြီး နိုင်ငံတကာက အထင်မှားအမြင်မှားဖြစ်အောင် ကြိုးပမ်းနေကြပါတယ်။

ဒါကြောင့် အဆိုးမြင်ဝါဒီ အဖျက်သမားတွေရဲ့ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုများကို တိုင်းရင်းသားပြည်သူများအနေနဲ့ နားမယောင်ဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားရေးအမြင်နဲ့ ဆင်ခြင်သုံးသပ် ကြိုးပမ်းသွားကြရမှာပဲဖြစ်ပါတယ်။

ယနေ့အချိန်အခါဟာ အမျိုးသားညီလာခံကြီး ကျင်းပပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးကို နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်းနေချိန် ဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီးအောင်မြင်ရေးဟာ အမျိုးသားရေးပင်ဖြစ်ပါတယ်။ အလားတူ အခြားသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများလည်း အချိန်ကာလနဲ့ လိုက်လျောညီထွေစွာ ဟန်ချက်ညီညီ အပြန်အလှန်အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်နေမှသာ အမျိုးသားရေးရည်မှန်းချက် ပြည့်မြောက်အောင်မြင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ကာလ အမျိုးသားနေ့ရဲ့ အနှစ်သာရဖြစ်တဲ့ ဝံသာနုရက္ခိတစိတ်ဓာတ်နဲ့ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန် ခိုင်မြဲရေး၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးဆိုတဲ့ အမျိုးသားနေ့ဦးတည်ချက်များကို ဖော်ဆောင်ရင်း အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးကို တိုင်းရင်း သားပြည်သူအားလုံး ထာဝစဉ်နှလုံးသွင်းပြီး စည်းလုံးညီညွတ်ခြင်း စွမ်းပကားနဲ့ ဦးလည်မသုန် ဆက်လက်ကြိုးပမ်း ထမ်းဆောင်ကြပါစို့လို့ တိုက်တွန်း ရေးသားလိုက်ရပါတယ်။ ။

---

(၈၆) နှစ်မြောက်
# အမျိုးသားနေ့
၁၃၆၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၄-၁၁-၂၀၀၆)

---

## အမျိုးသားနေ့သန္နိဋ္ဌာန်

* ဒို့ပြည်မြန်မာ၊ တစ်ချိန်ခါက
ရာဇဝင်ပျက်သုဉ်း၊
အရှုံးနွံနစ်၊ သူ့ကျွန်ဖြစ်ခဲ့
သို့ဖြစ်ခဲ့ငြား၊ မြန်ပြည်သားတို့
အမျိုးသားရေး၊ အမြဲရှေးရှု
ဝံသာနုရက္ခိတတရား
ပွားများရှင်သန်၊ အဖန်ဖန်တည့်။

* နယ်ချဲ့တို့ကား၊ ပြည်သူများကို
မွှားမွှားလေ့းလေ့း၊ အထင်သေးလျက်
သင်ပေးသည်မှာ၊ ကျွန်ပညာတည့်
ငါတို့တိုင်းပြည်၊ ကျွန်သက်ရှည်အောင်
ကြံစည်တွက်ဆ၊ အကွက်ချသော်
တက်ကြွနိုးကြား၊ အမျိုးသားရေးစိတ်ဓာတ်
ခိုင်ခိုင်မတ်လျက်၊
ဤရုပ်မြေဖွား၊ မြန်ပြည်သားတို့
ခြားနားတုံ့ပြန်၊ ငုံ့မခံသည်
အားမာန်အပြည့်နှင့်တကား။

* သြော်–အမျိုးသားစိတ်၊ နိုးကြားဖိတ်၍
အမျိုးသားမာန်၊ နိုးကြားလျှံကာ
အမျိုးသားရေး၊ နိုးကြားသွေးဖြင့်
ဘိုးဘေးတို့သည်၊ မြန်မာပြည်ကို
ကမ္ဘာတည်သမျှ၊ ခိုင်မြဲရအောင်
လမ်းပြဆောင်၍၊ "အမျိုးသားနေ့"ဟု
မမေ့စဉ်လာ၊ ကျင်းပပါခဲ့
သည်ခါရက်မြတ်၊ ကြိုက်ကြုံလတ်တိုင်း
မြင့်မြတ်နှလုံးသား၊ ဘိုးဘေးများ၏
ပေးထားအမွေ၊ ခိုင်မြဲစေအောင်
မသွေထမ်းရွက်၊ ခရီးဆက်ရင်း
အဖျက်ရန်မှန်သမျှ၊ ချေမှုန်းကြလျက်
မြန်မာ့မြေအကျိုး၊ ထမ်းသယ်ပိုးမည်
အမျိုးသားနေ့ သန္နိဋ္ဌာန်။
ပြည်သူ့ရင်ထဲ စွဲမည်အမှန်။ ။

မြင်းမူ မောင်နိုင်မိုး

---

## (၈၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

☆ ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး၊
☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
☆ အမျိုးသားပညာရည်မြင့်မားရေး၊
☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး။

# ကျေးလက်ရေရရှိရေး အဝီစိတွင်းများ ဆောင်ရွက်ပေးနိုင်သည့်အပြင် စပါးစိုက်ဧကတိုးပွားရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးကူညီပေးခဲ့

နေပြည်တော် နိုဝင်ဘာ ၁၃

**နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပြည်နယ် နှင့်တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်ဒေါက်တာ ခင်မောင်သွင်က တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာခင်မောင်သွင်က တင်ပြရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် အနှောင့်အယှက်၊ အဟန့်အတား၊ အတားအဆီးများကြားမှ ကိုယ့်အား ကိုယ်ကိုးပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုကို ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်း အမျိုးသားရေး အင်အားစုတစ်ရပ်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ကင်းမဲ့သူများ၊ နိုင်ငံတော် အာဏာကို ဖြတ်လမ်းက ရယူလိုသူများသည် ပြည်ပနိုင်ငံကြီးအချို့၏အလိုကျ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေးတိုက်ကွက်များနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ လက်လွတ်မဆုံးရှုံးစေရန် ပူးပေါင်းကြံစည်ဆောင်ရွက်နေ သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အပေါ် ကျရောက်လာမည့် အဖျက်ရန်စွယ်မှန်သမျှကို ပြည်သူ တစ်ရပ်လုံးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက တိုက်ဖျက် ချေမှုန်းသွားကြရမည် ဖြစ်ကြောင်း။

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် သာရေး၊ နာရေးကိစ္စများတွင် ငွေအား၊ လူအားတို့ဖြင့် ပါဝင်ကူညီဆောင်ရွက်လျက်ရှိရာတွင် ၂၀၀၅ ခုနှစ် စက်တင်ဘာလမှ ၂၀၀၆ ခုနှစ် ဩဂုတ်လအထိ လေဘေးဒုက္ခသည် များအား ငွေကျပ် ၁၄၁၉၀၅၀ ကိုလည်းကောင်း၊ ရေဘေးဒုက္ခသည်များအား ငွေကျပ် ၈၉၂၅၀၀ကိုလည်းကောင်း၊ မီးဘေးသင့်ဒုက္ခသည်များအား ငွေကျပ် ၅၆၅၂၅၀ ကိုလည်းကောင်းနှင့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်း များနှင့်အတူ သွားရောက်လှူဒါန်းပေးနိုင်ခဲ့ကြောင်း၊ သွေးလှူဒါန်းမှုအနေဖြင့် မြို့နယ်အလိုက် ပြည်ခိုင်ဖြိုးအသင်းကဦးဆောင်ပြီး စေတနာသွေးလှူရှင်အဖွဲ့များ ဖွဲ့စည်းကာ သွေးပုလင်းပေါင်း ၆၃၉ ပုလင်းနှင့် ငွေကျပ် ၃၁၉၅၀၀ ကို လှူဒါန်း နိုင်ခဲ့သည့်အပြင် အရေးပေါ်သွေးလိုအပ်မှုများကို အချိန်တိုအတွင်းရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပံ့ပိုးပေးနိုင်ခဲ့

ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ကုသချိန်ပေါင်း ၃၄ချိန်တွင် လူနာပေါင်း ၁၃၈၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည့် အပြင် ဆေးဖိုးငွေဖြင့် ၉၇၇၇၆၇ ကျပ်ကို လှူဒါန်းပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လမိုင်းတိုက်နယ် ဆေးရုံသစ်ဆောက်လုပ်ခြင်းနှင့် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံရှိ သံဃာတော်များ ဖျားနာကုသဆောင်ကို အသင်းကဦးဆောင်၍ ပြုပြင်ဆောက်လုပ် နိုင်ခဲ့ကြောင်း၊ မုဒုံမြို့နယ် သံဃာ့ဆေးပဒေသာပင်အတွက် နယ်မြေတာဝန်ခံ ဝန်ကြီးက ငွေကျပ်သိန်း၂၀ ကိုလည်း စိုက်ထူပံ့ပိုးပေးနိုင်ခဲ့ကြောင်း။

ကျေးလက်ရေရရှိရေးအတွက် အဝီစိတွင်းတူးဖော်ရာတွင် မုဒုံမြို့နယ်၌ နှစ်တွင်း၊ သံဖြူဇရပ်မြို့နယ်၌ ခြောက်တွင်း စုစုပေါင်းရှစ်တွင်းကို မွန်ပြည်နယ် ပြည်ခိုင်ဖြိုးအသင်းကဦးဆောင်၍ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် စပါးစိုက်ဧက တိုးပွားရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် မုဒုံမြို့နယ်တွင် ကမာဝက်ရေထိန်းတံခါးကို တည်ဆောက်နိုင်ရန် ပံ့ပိုးကူညီပေးနိုင်ခဲ့ကြောင်း။

ပြည်နယ်အသင်းအနေဖြင့် ပညာရေးကဏ္ဍတွင် စုစုပေါင်း ထောက်ပံ့ လှူဒါန်းခဲ့သော ပစ္စည်းများမှာ ဘိလပ်မြေ ၃၈၅ အိတ်၊ သွပ် ၃၀၅ ချပ်၊ စာသင်ခုံ ၂၄၆ လုံး၊ ကွန်ပျူတာ သုံးလုံး၊ ပံ့ပိုးငွေကျပ် ၁၂၄၆၃၆၈၀ ပံ့ပိုးနိုင်ခဲ့ကြောင်း။

## စိုက်ပျိုးထားရှိ

ကျေးလက် မီးလင်းရေးလုပ်ငန်းအနေဖြင့် ရေးမြို့နယ် မာန်အောင်ကျေးရွာ၌ ၃၀ ကေဗွီအေ ရေအားလျှပ်စစ်လုပ်ငန်းကို ကျပ်သိန်း ၃၀ကျော် အကုန်အကျ ခံကာ အပြီးသတ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဇီဝလောင်စာဆီများ ထုတ်ယူသုံးစွဲရေး အတွက် ခြစည်းရိုးကြက်ဆူ ဧက ၆၀ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

## ကူညီပံ့ပိုး

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မိခင်နှင့်ကလေး၊အမျိုးသမီးရေးရာ၊ ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်သော လူမှုရေးအကူအညီပေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ အကျဉ်း ထောင်များသို့ သွားရောက်ကာ အကျဉ်းသားများ၏ လူမှုရေးလိုအပ်ချက်များ ကို ဖြည့်ဆည်းပေးခဲ့ရာတွင် တစ်နှစ်တာကာလအတွင်း ရှစ်ကြိမ်သွားရောက်ခဲ့ပြီး ငွေကျပ်၁၁၂၂၆၀တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးအမျိုးမျိုးကို ကူညီ ပံ့ပိုးပေးခဲ့ကြောင်း။

## ကြိုးပမ်းဆောင်ရွက်သွားမည်

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိတို့ မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို အရင်းခံကာ အသင်းနာယကကြီး၏ လမ်းညွှန်မှာကြားချက်များကို လုပ်ငန်းလမ်း ညွှန်အဖြစ်ခံယူ၍ ဗဟိုအသင်း၏ လမ်းညွှန်ချက်များ၊ ပြည်နယ်အသင်းနာယက တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံဝန်ကြီး၏ အနီးကပ် ကြီးကြပ်မှုကို အလေးအနက်ခံယူပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အတွက် အစွမ်းကုန် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် ကြောင်းဖြင့် တင်ပြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှောင့်ယှက်နေသော အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၃

**နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီး တို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**

## ကာကွယ်တိုက်ဖျက်သွားမည်

ထိုသို့ တင်ပြရာ၌ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည် ဖော်နိုင်မှုအခြေအနေများကို မကွေးတိုင်း အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဇင်အောင်က တင်ပြရာတွင် နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို စနစ်တကျ ကူးပြောင်းဆောင်ရွက်နေရာ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုလမ်းကြောင်း အတိုင်း ဆက်သွားပါက မိမိတို့လူတစ်စု အာဏာရရှိရေး ဆောင်ရွက်နေသည့် ပြည်ပသြဇာခံ ပြည်တွင်းက အဖွဲ့အစည်းတချို့နှင့် မြန်မာနိုင်ငံအပေါ် သြဇာ လွှမ်းမိုးရန် ကြိုးစားနေသည့် အနောက်အုပ်စု ပြည်ပနိုင်ငံကြီး အချို့သည် မိမိတို့ ရည်မှန်းချက်မရရှိနိုင်တော့သည့်အတွက် ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဖိအားပေးရန် ဆောင်ရွက် လျက်ရှိကြောင်း၊ မြန်မာအစိုးရ၏ လက်ရှိ ဆောင်ရွက်ချက်များသည် ဒေသတွင်း တည်ငြိမ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပါသည်ဆိုသည့်မဟုတ်မမှန် စွပ်စွဲချက်များနှင့် မြန်မာ့အရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် စီစဉ်ဆောင်ရွက်နေသည်ကို စက်ဆုပ်ဖွယ်တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ ဆက်ဆံရေးနှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကို အစဉ်လေးစားစောင့်ထိန်းခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ဒေသတွင်း အိမ်နီးနားချင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာ အာဏာကို ခြိမ်းခြောက်ခဲ့ခြင်း၊ ကျူးကျော်ခဲ့ခြင်းမရှိဘဲ လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြား ရေးမူဝါဒကိုကျင့်သုံးနေသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏ လွတ်လပ် သည့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းကြီးနှင့်တကွ တိုင်းရင်းသား မိဘပြည်သူတစ်ရပ်လုံးက ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးကို ဟန့်တားနှောင့်ယှက်နေသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကိုပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်သွား ရမည်ဖြစ်ကြောင်း။

## တိုးမြှင့်ရရှိ

နိုင်ငံတော်အနေဖြင့် စီးပွားရေးအဆောက်အအုံ ခိုင်မာလာစေရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ တတိယကာလတို ငါးနှစ်စီမံကိန်းကို အောင်မြင်စွာ အကောင်



**မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မကွေးတိုင်း အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဇင်အောင်က တင်ပြစဉ်။**
(သတင်းစဉ်)

အထည်ဖော်ခဲ့ရာ စီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၁၂ဒသမ၈ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး လူတစ်ဦးချင်းဝင်ငွေသည်လည်း စီမံကိန်း နောက်ဆုံးနှစ် ၂၀၀၅–၂၀၀၆ခုနှစ်တွင် ၂၂၁၂၁၇ကျပ်အထိ တိုးမြှင့်ရရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

## အကောင်အထည်ဖော်

မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အစီရင်ခံ သည့်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ကျေးလက်ပြည်သူများဘဝ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်း၊ ကျေးလက်တယ်လီ ဖုန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေးလုပ်ငန်း များကို ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ကြောင်း။

## တူးဖော်ပြင်ဆင်

ကျေးလက်နှင့် မြို့ပြဆက်သွယ်နိုင်မည့် ကားလမ်းများအနေဖြင့် မြေသား လမ်း စုစုပေါင်း၅၅ဒသမ၂၇မိုင်ကို ငွေကျပ်၇၄သိန်းကျော် အကုန်အကျခံပြီး ဖောက်လုပ်ပေးခဲ့သည့်အတွက် မြို့နယ်ပေါင်းခုနစ်မြို့နယ်မှ ကျေးရွာပေါင်း ၂၈ရွာသည် မြို့ပြနှင့်အလွယ်တကူ ဆက်သွယ်သွားလာနိုင်ခဲ့ကြောင်း၊ ကျေးလက် နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲ ပြေလည်စေရေးနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် ရေကန်၊ လက်နှိပ်တုံကင်တွင်း၊ စက်ရေတွင်း များကို မြို့နယ်လေးမြို့နယ်မှ ကျေးရွာ၁၃ရွာ၌ ငွေကျပ်သိန်း၁၀၀ကျော် အသုံးပြုပြီး တူးဖော်ပြင်ဆင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပညာရေးကဏ္ဍတွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအဆင့်ဆင့်က ပညာရေးမြှင့်တင်မှုလုပ်ငန်းများအတွက် စုစုပေါင်းငွေကျပ် ၂၀၅သိန်းကျော် အသုံးပြုပြီး ပံ့ပိုးကူညီဆောင်ရွက်နိုင်ခဲ့ကြောင်း။

## ကူညီလှူဒါန်း

ကျန်းမာရေးကဏ္ဍတွင်လည်း တိုက်နယ်ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်း များ ပြုပြင်မွမ်းမံခြင်း၊ ဆေးဝါးပစ္စည်းနှင့် ဆေးပဒေသာပင်ရန်ပုံငွေလှူဒါန်းခြင်း လုပ်ငန်းများအတွက် ငွေကျပ်သိန်း၇၀ကျော်ကို ကျေးလက်ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများတွင် ကူညီလှူဒါန်းနိုင်ခဲ့ကြောင်း။

ရေအားလျှပ်စစ်တာဘိုင်ဖြင့် မီးလင်းရေးလုပ်ငန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ၁၄ရွာ၌ မီးပေးဝေလျက်ရှိပြီး စပါးခွံသုံးအင်ဂျင်စက်ဖြင့် လျှပ်စစ်မီး ပေးဝေရေးလုပ်ငန်းကို ထီးလင်းမြို့၌ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ အမျိုးသားညီလာခံ ကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပြောဆိုလုပ်ဆောင်နေကြသည့် ပြည်တွင်း ပြည်ပအဖျက်လုပ်ရပ်များကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် တားဆီး ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အင်တိုက် အားတိုက်ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် အသင်းဝင်များ၊ ပြည်သူများအားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် တင်ပြ သွားသည်။

**(သတင်းစဉ်)**

# အုတ်ဖိုမြို့နယ်အသင်း စာကြည့်တိုက်ဖွင့်ပွဲ မြတ်ဆရာပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၃**

အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်) က ကြီးမှူး၍ ဒီဇင်ဘာ၂ရက် နံနက် ၆နာရီခွဲတွင် လှိုင်မြို့နယ်(၅၅/အယ်လ်) အင်းစိန်လမ်း အသင်းတိုက်စုရပ်မှ ဇာတိမြေသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြမည်ဖြစ်သည်။

အုတ်ဖိုမြို့ အထကတွင် ပထမ ကျောင်းအုပ်ဆရာကြီးဦးရှင်ရ နှစ်(၁၀၀) ပြည့် စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက် ကြပြီး ဒီဇင်ဘာ ၃ရက်တွင် မြတ်ဆရာ ပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲ တွင် တက်ရောက်ကြမည် ဖြစ်ကြောင်း၊ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ လိုက်ပါလိုသော အသင်းဝင်များနှင့် အုတ်ဖိုသားများ အလှူငွေ ထည့်ဝင် လှူဒါန်းလိုသူများသည် ဦးသန်းထွေး ဖုန်း–၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း– ၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း– ၆၆၂၅၀၇နှင့် ဦးပေါ်အေး ဖုန်း– ၅၅၅၈၉၅ တို့သို့ ဆက်သွယ်စာရင်း ပေးကြပါရန် နှိုးဆော်ထားကြောင်း သိရ သည်။

**(သတင်းစဉ်)**

# ကျေးလက်ပြည်သူများ စာဖတ်အလေ့အကျင့် တိုးတက်လာစေရန် ကျေးလက်စာကြည့်တိုက်ပေါင်း ၅၄၄၈ကို ပူးပေါင်းပါဝင်ဖွင့်လှစ်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၃

**နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်က တင်ပြစဉ်။**

(သတင်းစဉ်)

ထိုသို့ တင်ပြရာ၌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်က တင်ပြရာတွင် ယနေ့ဆိုလျှင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို စတင်ဖွဲ့စည်းခဲ့သည်မှာ ၁၃ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ဤ ၁၃ နှစ်ကာလအတွင်း၌ အမျိုးသားရေး အကျိုးစီးပွားဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အင်ပြည့်အားပြည့်နှင့် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးရေး တိုးတက်ရေးအတွက်ဆိုရင် ၇၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း။

## တည်ဆောက်ပေးနိုင်

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးအနေဖြင့် မြေသားလမ်းအသစ် ၂၉လမ်းကို အရှည် ၃၉၁သမ၅မိုင် ဖောက်လုပ်ခဲ့ပြီး ကျောက်ခင်းလမ်း ၈ လမ်း၊ မိုင်အရှည် ၆ မိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လူကူးတံတား အသစ်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းတို့တွင် တံတားပေါင်း ငါးခု တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

ရေကောင်းရေသန့်ရရှိရေးအနေဖြင့် ဒေသအလိုက် မူလရှိခဲ့ပြီးဖြစ်သည့် သောက်သုံးရေကန် လေးကန်ကို ဒေသခံပြည်သူများနှင့်အတူ ပြုပြင်တူးဖော်ပေးနိုင်ခဲ့ပြီး စက်ရေတွင်း ၁၄တွင်း၊ လက်နှိပ်တွင်း သုံးတွင်း၊ စုစုပေါင်း ၁၇ တွင်း တူးဖော်ပေးနိုင်ခဲ့ကြောင်း။

## ပူးပေါင်းဆောင်ရွက်

ပညာရေးအနေဖြင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်၌ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းအပ်နှံရေးလုပ်ငန်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်နှင့်လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုနှစ်တွင် ၉၇ဒသမ၅၁ ရာခိုင်နှုန်းတက်ရောက်ခဲ့ကြောင်း။

အခြေခံပညာကျောင်း ၁၇၀၅ ကျောင်းအတွက် လေးယောက်တွဲ စာသင်ခုံ အလုံးပေါင်း ၁၀၆၀၀ကို တန်ဖိုးငွေကျပ်သိန်း ၇၀၀ကျော်ဖိုး ဆောင်ရွက်လှူဒါန်းခဲ့ကြကြောင်း။

ကျောင်းနေအရွယ်ကလေးများ ကျောင်းပေါ်ရောက်ပြီး ကျောင်းနေပျော်ရန်အတွက် ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးကို ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့ကြကြောင်း၊ မန္တလေးတိုင်းအသင်း နာယကတိုင်းမှူးက ကျပ်သိန်း ၂၀၀ ပံ့ပိုးကူညီခဲ့သည့်အတွက် ကျောင်း ၅၀ ပြင်ဆင်ပြီး ပညာရေးဌာနကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

ပြည်သူများ အသိပညာ၊ ဗဟုသုတကြွယ်ဝပြီး ကျေးလက်နေပြည်သူများ စာဖတ်သည့်အလေ့အကျင့် တိုးတက်လာစေရန်အတွက် မန္တလေးတိုင်းအတွင်း ကျေးရွာပေါင်း ၅၇၄၃ရွာ၌ ကျေးလက်စာကြည့်တိုက်ပေါင်း ၅၄၄၈ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပါဝင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

## ပေးအပ်လှူဒါန်း

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် မန္တလေးတိုင်းအတွင်း ကျေးလက်ဆေးပေးခန်းအသစ်ဆောက်လုပ်မှု သုံးခု၊ အဟောင်းပြုပြင်ခြင်းလေးခု ဆောင်ရွက်ခဲ့ပြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဇဂျမ်းကျေးရွာ ဆေးပေးခန်း ဆောက်လုပ်ရေးအတွက် မန္တလေးတိုင်းနယ်မြေတာဝန်ခံဝန်ကြီးက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း။

မကြာမီကဖြစ်ပွားခဲ့သည် ကျောက်ဆည်ခရိုင်အတွင်း ရေလွှမ်းမိုးမှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့ရသော ပြည်သူများရှိရာသို့ မန္တလေးတိုင်း၊ခရိုင်၊မြို့နယ် အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များဦးဆောင်၍ အသင်းဝင်များပါ ချက်ချင်းသွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဗဟိုဌာနချုပ်သို့လည်း အချိန်နှင့်တစ်ပြေးညီ သတင်းများပေးပို့ဆောင်ရွက်ခဲ့ရာ အထွေထွေအတွင်းရေးမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ ကိုယ်တိုင်လာရောက်ပြီး ရေဘေးအန္တရာယ်ကြုံတွေ့ရသူများကို တွေ့ဆုံ အားပေးစကား ပြောကြားခြင်း၊ ငွေကျပ်သိန်း ၅၀ လှူဒါန်းခြင်း၊ ပစ္စည်းများလှူဒါန်းခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားခဲ့သော သီးနှံများကို ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန် ဧက ၁၃၀၀၀ ကျော်အတွက် စိုက်ပျိုးစရိတ် ငွေကျပ်သိန်းပေါင်း ၁၃၀၀ ကျော်ကို တောင်သူလယ်သမားများထံ ပံ့ပိုးပေးအပ်ခဲ့ကြောင်း၊ အလားတူ ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာနေရာသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင်များ ဦးဆောင်သွားရောက်ပြီး လူသားချင်းစာနာထောက်ထားသည့် စိတ်ဓာတ်အပြည့်နှင့် ဗဟိုဌာနချုပ်မှ ပေးပို့လှူဒါန်းသောငွေကျပ် ငါးသိန်းနှင့်အတူ ခရိုင်နှင့်မြို့နယ် အသင်းတို့ကလည်း ပံ့ပိုးကူညီပေးခြင်းတို့ကို အချိန်မဆိုင်းဘဲ ဆောင်ရွက်ပေးခဲ့ကြောင်း။

## မွန်မြတ်သန့်စင်သည့်စေတနာ

ပြည်သူလူထု၏ ရတ်တရက်မမျှော်လင့်ဘဲ ရင်ဆိုင်ရသောဒုက္ခကို စာနာထောက်ထားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၏ မွန်မြတ်သန့်စင်သည့်စေတနာကို ပြည်သူလူထုရှေ့မှောက်တွင် ပေါ်ပေါ်လွင်လွင် ဆောင်ရွက်ပြသနိုင်ခဲ့ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

မန္တလေးတိုင်းအသင်း၏ လူမှုရေးလုပ်ငန်းများကို တင်ပြရလျှင် အသင်းအဆင့်ဆင့်အနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးဆောင်ရွက်ချက်၊ လူထုလူတန်းစား အလှူလုပ်ငန်းဆောင်ရွက်ချက်၊ အားကစား၊ စာပေ၊ အနုပညာ ယဉ်ကျေးမှုလုပ်ငန်းများ ဆောင်ရွက်ချက်တို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း။

မန္တလေးတိုင်းအသင်းက ယခုကဲ့သို့ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ကဏ္ဍစုံ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဗဟိုနာယကအဖွဲ့ဝင်များ၊ မန္တလေးတိုင်း နာယက/တိုင်းမှူး၊ မန္တလေးတိုင်း နယ်မြေတာဝန်ခံ ဗဟိုအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်များ၏ လုပ်ငန်းလမ်းညွှန်မှုများကို ကိုယ်၊နှုတ်၊နှလုံး သုံးပါးလုံး တစ်သဝေမတိမ်း ဦးထိပ်ပန်ဆင် လိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ခဲ့ကြပါကြောင်း။

မိမိတို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်အနေဖြင့် နိုင်ငံတော်၏ဦးတည်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဗဟိုက ချမှတ်လမ်းညွှန်ပေးသည့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ဦးလည်မသုန် ယုံယုံကြည်ကြည်၊ စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်းကို အလေးအနက် ကတိပြုပြောကြားလိုကြောင်း ဖြင့် တင်ပြသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးဟောပြောပွဲများနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းတို့အပြင် တိုက်နယ်ဆေးရုံများဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

**နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပြည်နယ်နှင့်တိုင်းအသီးသီး တို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**

ထိုသို့တင်ပြရာ၌ ပဲခူးတိုင်း(အရှေ့)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပဲခူးတိုင်း(အရှေ့)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးညီညီမြင့်က တင်ပြရာတွင် မိမိတို့ အသင်းအနေဖြင့် ရရှိထားသည့်အသင်းဝင်များကို ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစေရေးအတွက် ဗဟိုကဦးစီးဖွင့်လှစ်သောသင်တန်း၁၃မျိုးတွင် သင်တန်းသားစုစုပေါင်း ၆၀၅ဦး စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဗဟုသုတများ ရရှိစေရန် အမှုဆောင် ၁၉ ဦးကို ရွေးချယ်စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း။

## လှူဒါန်း

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးကို ပညာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၉၄ဒသမ၉၈ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ထို့အပြင် တိုင်းအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း အခြေခံပညာ မူလတန်းကျောင်း ၉၁ ကျောင်းသို့ စာသင်ခုံပေါင်း ၁၁၂၇လုံး တန်ဖိုးအားဖြင့် ငွေကျပ် ၁၅၀၆၁၄၀၀ကို လှူဒါန်းပေးနိုင်ခဲ့ကြောင်း၊ ထပ်မံပြီး စာသင်ခုံ၇၅၀ကို ဆက်လက် လှူဒါန်းနိုင်ခဲ့ကြောင်း။

တိုင်းအတွင်း ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၂၉၉၃ ခုကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

## ဝိုင်းဝန်းကူညီ

ကျန်းမာရေးကဏ္ဍတွင် အသင်းအဆင့်ဆင့်သည် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ပညာပေးဟောပြောပွဲများ၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် သူရဲသူမိန်တိုက်နယ်ဆေးရုံနှင့် ညောင်ပင်သာ တိုက်နယ်ဆေးရုံတို့ ဖွင့်လှစ်နိုင်ရေးတွင်လည်း အသင်းက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းအတွင်းရှိ သွေးလှူရှင်အသင်းများက တစ်နှစ်တာအတွင်း သွေးပုလင်းပေါင်း ၄၆၇၁ ပုလင်းကို လှူဒါန်းနိုင်ခဲ့ကြောင်း။

ကျေးလက်ရေရရှိရေးတွင် တိုင်းအတွင်းရှိ ကျေးရွာ ၄၂ရွာ၌ အသင်းမှ လှူဒါန်းထားသည့် လက်နှိပ်တုံကင်တွင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊ ရေတွင်း ရေကန်ဆယ်ဖို့မြှင့်တင်ခြင်း၊ နွေရာသီတွင် သက္ကလကျေးရွာ၌ ရေကားများဖြင့် သောက်သုံးရေရရှိအောင် နှစ်စဉ်စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း။



**ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးညီညီမြင့်က တင်ပြစဉ်။**

(သတင်းစဉ်)

## ဖောက်လုပ်

ကျေးလက်လမ်းများအနေဖြင့် ညောင်လေးပင်မြို့နယ် မြို့မ(၃)ရပ်ကွက်နှင့် ရွာသစ်ကျေးရွာချင်းဆက်လမ်း၊ ပဲခူးမြို့နယ် ရွှေတန်ကျေးရွာရှိမြေသားလမ်း၊ ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာချင်းဆက် မြေသားလမ်းများဖောက်လုပ်ခြင်း၊ တောင်ငူခရိုင်အသင်းက အကျယ် ၁၂ပေ၊ အရှည်ပေ ၇၀၀၀ရှိသော ရှမ်းဝတီးကျေးရွာနှင့် ဒိုးသောင်ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ခြင်း၊ ဝေါမြို့နယ် ဘုရားပြိုကျေးရွာ၊ ကမာကဘန်ကျေးရွာနှင့် ကဒွတ်ကျေးရွာချင်း ဆက်မြေသားလမ်း ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျေးလက်တံတားများအနေဖြင့် ညောင်လေးပင်မြို့နယ် ကျို့ပင်ကျေးရွာရှိ ရဲနွယ်ချောင်းကိုဖြတ်၍ အကျယ်ခြောက်ပေ၊ အရှည် ၁၃၆ပေရှိ သစ်သားတံတား၊ ညောင်လေးပင်မြို့နယ် ကြာအင်းကြီးလမ်းပေါ်ရှိအကျယ်၁၀ပေ၊ အရှည်ပေ ၆၀ရှိ သရက်တောချောင်းကူးတံတား၊ ဝေါမြို့နယ် ကပင်ကျေးရွာရှိ အကျယ်ရှစ်ပေ၊ အရှည် ၁၂ပေရှိ ချောင်းကူးတံတား၊ ရွှေကျင်မြို့နယ် အင်ဂနိကျေးရွာရှိ အကျယ် ၁၂ပေ၊ အရှည် ၃၆ပေရှိ သစ်သားချောင်းကူးတံတား၊ ရွှေကျင်မြို့နယ်၌ အရှည်ပေ ၁၂၀၊ အကျယ် ၁၆ပေရှိ သရက်တော–နဘဲပင်–ဝဂ်ဘော်–ကြာအင်းကြီး တံတားများနှင့် ပဲခူးမြို့နယ် တာဝကျေးရွာရှိ တာဝဘူတာနှင့် ဘန့်ဘွေးချောင်းကူး တံတားများကိုလည်း ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး တည်ဆောက်ပြုပြင်ပေးနိုင်ခဲ့ကြောင်း။

## ခံစားရရှိ

ကျေးလက်မီးလင်းရေးဆောင်ရွက်ရာ၌ ကျေးရွာ ၁၀ရွာတွင် စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ငွေကျပ်သိန်း ၁၀၀ မတည် လှူဒါန်းနိုင်ခဲ့ရာ ယခုအခါ ကျေးလက်နေပြည်သူများ အကျိုးကျေးဇူး ခံစားရရှိနေပြီဖြစ်ကြောင်း။

## ရှေ့လုပ်ငန်းစဉ်

နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် အားနည်းချက်၊ အားသာချက်များကို အပြန်အလှန်သုံးသပ်ခြင်းဖြင့် အသင်း၏ စည်းရုံးရေးစွမ်းရည်မြှင့်တင်ရေး၊ စီးပွားရေးစွမ်းရည်မြှင့်တင်ရေး၊ အသင်းကျစ်လျစ်ခိုင်မာမှု စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် အသင်းအဆင့်ဆင့်သည် ဒေသအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့် မြင့်မြင့်မားမားဆောင်ရွက်နိုင်မှု၊ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ယဉ်ကျေးမှု၊ စာပေ၊ အားကစားရေး ကဏ္ဍများတွင် ရှေ့တန်းကပါဝင် ဆောင်ရွက်နိုင်မှုတို့ကြောင့် ယခင်နှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြသွားသည်။ **(သတင်းစဉ်)**

## သဲအင်းဂူငါးရက်အဓိဋ္ဌာန်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ် ကျင်းပသော အဓိဋ္ဌာန်တရား စခန်းပွဲကို နိုဝင်ဘာ၂၀ရက်မှ၂၄ရက် အထိ ငါးရက်တိုင်တိုင် ကျေးဇူးရှင် မူလ သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ပိုင်း)၊ ဘဒ္ဒန္တ ဇဋိလ(ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပ)ဆရာတော်များက ဟောကြားပြသမည်ဖြစ်သည်။ ဝင်ရောက်အားထုတ်လိုသူများသည် နိုဝင်ဘာ၁၉ရက် ညနေအရောက် မှတ်ပုံတင်နှင့်တကွ လာရောက်ကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကိုလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

## စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း၌ သီတင်းတစ်ပတ်အတွင်းဖြစ်ပျက်ခဲ့သော နိုင်ငံတကာဖြစ်ရပ်သတင်းများအနက်မှ အချို့ကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

**နိုဝင်ဘာ ၆ ရက်**

- ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံးမော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် ဂျပန်နိုင်ငံမှ တိုယိုတာကုမ္ပဏီသည် အီဆူဇူးမော်တော်ကားကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ရန် အခြေခံအားဖြင့် သဘောတူညီလိုက်ကြောင်း သိရသည်။
- တရုတ်နိုင်ငံမှ စီအင်ဖိုးနစ်လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းက ၁၅၀စီအိတ်ချ်–၂၀၀၀ လေယာဉ်အစင်း ၁၅၀ ကို ပြည်ပသို့ ပထမဆုံးအကြိမ်အဖြစ် တင်ပို့ရောင်းချလိုက်သည်။ အဆိုပါလေယာဉ်အများစုကို အာဂျင်တီးနားနိုင်ငံက ဝယ်ယူအသုံးပြုမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပြည်ပသို့ ပထမဆုံးအကြိမ် လေယာဉ်တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။



တရုတ်နိုင်ငံမှ ပြည်ပတင်ပို့ရောင်းချမည့် လေယာဉ်အမျိုးအစားအား ဝေဟင်၌ ပျံသန်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

**နိုဝင်ဘာ ၇ ရက်**

- နိုင်ဂျီးရီးယားနိုင်ငံ၏ မီးရထားလမ်းတည်ဆောက်ရေးလုပ်ငန်းတွင် တောင်ကိုရီးယားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ငွေပမာဏမှ အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ ခန့်ရှိမည်ဖြစ်ကြောင်း ဟွန်ဟက်သတင်းဌာနက သတင်းထုတ်ပြန်သည်။

**နိုဝင်ဘာ ၈ ရက်**

- ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ပြည်ပသို့ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၉၅၀ခန့် ရရှိမည်ခန့်မှန်းထားရာ ၂၀၀၆–၂၀၀၇နှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၈၁၀၀၀၀မှ ၈၇၀၀၀၀ အထိ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်ဖြစ်ရာ ကမ္ဘာပေါ်တွင် ကော်ဖီတင်ပို့မှု ဒုတိယ အကြီးမားဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။
- ဗြိတိန်နိုင်ငံတွင်ရှိသော ဆေးရုံများ၌ သူနာပြုများ လုံလောက်မှုမရှိသဖြင့် လူနာများသေဆုံးရမှု မြင့်တက်လျက်ရှိကြောင်း၊ ဗြိတိန်နိုင်ငံရှိ ဆေးရုံ ၃၀တွင် သူနာပြုဦးရေမှာ ၄၀၁၀သာ ရှိရာ ၎င်းအရေအတွက်နှင့် လူနာ ၁၂၀၀၀ကို ပြုစုစောင့်ရှောက်ရခြင်းမှာ လုံလောက်မှု မရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**နိုဝင်ဘာ ၉ ရက်**

- ဂျာမနီနိုင်ငံရှိ မီးရထားလုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဉ်နေကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂီလာမာကယ်က ပြောကြားလိုက်သည်။ ဂျာမနီနိုင်ငံ၏ မီးရထားလမ်းအရှည်မှာ စုစုပေါင်း ကီလိုမီတာ ၃၄၀၀၀ခန့်ရှိကြောင်း သိရသည်။
- နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို တရုတ်နိုင်ငံယန်စီမြစ်ကမ်းတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ နျူကလီးယားစွမ်းအင်သုံး စက်ရုံမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၅သန်းဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**နိုဝင်ဘာ ၁၀ ရက်**

- ဥရောပနိုင်ငံအများအပြားတွင် လွန်ခဲ့သော ငါးနှစ်မှစတင်က ကလေးငယ်များအဝလွန်မှုများပြားလာလျက်ရှိရာ လာမည့်နှစ်အနည်းငယ်၌ ဥရောပတစ်ဝန်းရှိ ကလေးငယ်များ၏ ၅၅ရာခိုင်နှုန်းမှာ အဝလွန်သည့်ကလေးငယ်များဖြစ်လာကြမည်ဖြစ်ကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာက ဖော်ပြလိုက်သည်။
- ကမ္ဘာ့မိုဘိုင်းလ်ဖုန်းသုံးစွဲမှုတွင် ဆယ်ကျော်သက်လူငယ်များ၏ အရေအတွက်သည် ဥရောပ၌ အများဆုံးဖြစ်ပြီး အထူးသဖြင့် အသက် ၁၅ နှစ်မှ ၂၄နှစ်အကြား လူငယ်များဖြစ်ကြောင်း၊ ၎င်းအရေအတွက်မှာ ဥရောပမိုဘိုင်းလ်ဖုန်းသုံးစွဲသူအရေအတွက်၏ ၆၈ရာခိုင်နှုန်းရှိကြောင်း သိရသည်။
- ဗြိတိန်နိုင်ငံတွင် အရက်သောက်သုံးမှုကြောင့် သေဆုံးသူအရေအတွက် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိရာ ပြီးခဲ့သည့် နှစ်က ၈၃၈၆ ဦးသေဆုံးခဲ့သဖြင့် ၁၉၉၁ခုနှစ်က အရက်ကြောင့် သေဆုံးသူ ၄၁၄၄ဦးထက် နှစ်ဆတိုးတက်ခဲ့ပြီး သေဆုံးသူအများစုမှာ အသက်၃၅နှစ်မှ ၅၄ နှစ်အကြား လူလတ်ပိုင်းများဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြသည်။

**နိုဝင်ဘာ ၁၁ ရက်**

- ကမ္ဘာပေါ်တွင် တရားမဝင်ကိုယ်ဝန်ဖျက်ချမှုကြောင့် အမျိုးသမီးများ သေဆုံးရမှုမှာ တစ်နှစ်လျှင် အမျိုးသမီး ၆၈၀၀၀ခန့်သေဆုံးနေရကြောင်း၊ ကမ္ဘာတစ်ဝန်း တရားမဝင် ကိုယ်ဝန်ဖျက်ချမှုမှာ နှစ်စဉ် အမျိုးသမီးအရေအတွက် ၁၉ သန်းခန့်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်လိုက်သည်။
- **ကာဇက်စတန် နိုင်ငံ ဘိုင်ကူနော ဒုံးပျံယာဉ် လွှတ်တင်စခန်းမှ ရုရှားလုပ် RS–၁၈ဒုံးပျံယာဉ် တစ်စင်းကို စမ်းသပ်ပစ်လွှတ် လိုက်သည်။ အဆိုပါ ဒုံးပျံယာဉ်သည် ဆက်သွယ်ရေး၊ သတင်းအချက်အလက် ထုတ်ပြန်ရေး များကို ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



**ကာဇက်စတန်နိုင်ငံ ဘိုင်ကူနောဒုံးပျံ လွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်သော RS–၁၈ ဒုံးပျံအားတွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**နိုဝင်ဘာ ၁၂ ရက်**

- ဆမ်ဆောင်းကုမ္ပဏီက စွမ်းဆောင်ရည်မြင့်သော ကင်မရာဖုန်းတစ်လုံးကို ထပ်မံ ထုတ်လုပ်လိုက်သည်။ ၎င်းကင်မရာဖုန်းမှာ 8 GBHDD အမျိုးအစား စမတ်ဖုန်းဖြစ်သည်။ စကားပြောဆိုရာတွင် ကြည်လင်ပြတ်သားပြီး ဓာတ်ပုံရိုက်ကူးရာ၌ကောင်းမွန်သည့် ကင်မရာဖုန်းဖြစ်ကြောင်း သိရသည်။
- ကမ္ဘာပေါ်တွင် နေထိုင်ချင်စရာကောင်းသောနိုင်ငံမှာ နော်ဝေနိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်မှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။ နော်ဝေနိုင်ငံမှာ ပညာတတ်မြောက်မှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုတို့လည်း မျှတကောင်းမွန်သည့်နိုင်ငံဖြစ်ကြောင်း အဆိုပါအစီရင်ခံစာ၌ ဆက်လက်ဖော်ပြသည်။ ။

(အင်တာနက်)



## စုပေါင်း ဘုံကထိန်ပွဲ သုံးခွမြို့၌ ကျင်းပ

**သုံးခွ နိုဝင်ဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ (၁၈)ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပရာ အလှူရှင်များ မြို့တွင်းသို့ လှည့်လည်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုဝင်ဘာ၂ရက်တွင် ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူပြီး ဘုန်းတော်ကြီးကျောင်းသုံးကျောင်းကို ပဒေသာပင် ၃၄ပင် တန်ဖိုးငွေကျပ် ၂၁သိန်းကျော်နှင့် မြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၃၃ ကျောင်းတွင် ငွေကျပ်လေးသိန်းတန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်**
**၁၅–၁၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရွှေကုံ့ကော်ခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှုများ)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ပတ်လုံးသဘာဝနှင့် ဗလာဧည့်ခံ ဆိုင်းတီးခတ်မှုနည်းပညာများ) (ဦးအောင်ကြယ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ယုံကြည်မှုတည်ဆောက်ခြင်း) (တင်ညွှန့်)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) ခွဲခွဲခြားခြား (ကြိုး) (မင်းမင်းစမ်း)
(၂) ဇမ္ဗူကျွန်းလုံး (သီချင်းခန့်) (ပန်တျာ ကိုကျော်ညွှန့်)

**ညနေပိုင်း**

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဂျင်မလေး ဂျမ်း (ကိုမင်းနောင်)
(၂) မေတ္တာစစ်နဲ့ ချစ်နေမယ် (ကြည်ကြည်ဝင်း)
(၃) အိမ်အပြန် မှန်ကြည့်လိုက်ပါ့မယ် (မောင်မောင်အေး)

၁၇:၃၀ အစာနှင့် အာဟာရ (ဆိတ်စွပ်နှင့်ကီးမားပလာတာ)

၁၇:၄၅ သူ့လက်သံ [အထက(၁)ဒဂုံမှ မရွှေခင်ချစ်၏ ဒုံမင်းလက်သံ]

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တို့များရဲ့ နေနည်းချမ်းသာ (ဦးကျော်ဇေယျ)
(၂) အတွေးချိုချိုဆောင်းပါးများနှင့် သူတို့အမြင် (မင်းရိုးယဉ်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်ခြင်းဖွဲ့ သံစဉ်တေးများစီးရီး)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဆောင်းနတ်မယ် (မောင်မောင်ညွှန့်)
(၂) မောင့်ချစ်ဆိပ်ရည် (နှင်းရီသန့်)
(၃) လွမ်းနေရပြီအချစ်ရေ (တပ်ကြပ်ကြီးလှမြင့်)



## တောင်တွင်းကြီး၌ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

**တောင်တွင်းကြီး နိုဝင်ဘာ ၅**

တောင်တွင်းကြီးမြို့နယ် ချောင်းနက်ကျေးရွာအုပ်စု အောင်သုခကျေးရွာနှင့် ပျဉ်းမကျေးရွာတို့ကို ဆက်သွယ်သည့် အောင်သုခ–ပျဉ်းမကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၂၁ရက်နံနက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းက ကျောက်ချောလမ်းသစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ကျေးလက်ကျောက်ချောလမ်း အထိမ်းအမှတ်ကျောက်စာတိုင်နှင့်မုခ်ဦးကို ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါအောင်သုခ–ပျဉ်းမ ကျေးလက်ကျောက်ချောလမ်းသစ်ကို အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေ၂၈၇၈၂၀၉၄ ကျပ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၅၀၀၀၀၀ဖြင့် အကုန်အကျခံ၍ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**






# တာချီလိတ်မြို့ ရွှေတိဂုံစေတီတော် အနေကဇာတင် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**တာချီလိတ် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ကျက်သရေဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အနေကဇာတင်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၅နာရီက စေတီတော်ရင်ပြင်၌ ကျင်းပရာ ကျိုင်းတုံမြို့ ဓမ္မောဒယကျောင်းတိုက်ဆရာတော် ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဇေယျနှင့် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မသီရိအမှူးပြုသော ဆရာတော်၊ သံဃာတော် အပါး ၂၅၀ တို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ဇနီး ဒေါ်သင်းသင်းရည်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် ဇနီး ဒေါ်သူသူမင်းစံ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် ဆွမ်းဆန်စိမ်း စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား အနေကဇာတင်တော်မူကြပြီး အလှူရှင်များက သံဃာအပါး ၂၅၀ တို့အား စေတီရင်ပြင်တော်ပေါ်တွင် ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သာကေတမြို့နယ်(၃)ရပ်ကွက် မာန်ပြေ အရှေ့ (၆) လမ်း အမှတ် (၄၉) နေ ဦးခင်မောင်မြင့်–ဒေါ်ခင်သောင်းကြည် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်–ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# စုပေါင်းဘုံကထိန်ပွဲ ထားဝယ်၌ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၆**

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီး၍ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် အလှူရှင်များ၏ (၁၆)ကြိမ်မြောက် စုပေါင်းဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၂၉ရက် နံနက်၉နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားသို့ မြို့ပေါ်မှ ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော် ၉၉ ပါး ကြွရောက်ကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ ဃောသိတာရာမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာလာဘိဝံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို က ကထိန်သင်္ကန်း ဆပ်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝံသထံမှ အနုမောဒနာတရား နာယူပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ရန်ကုန်မြို့ ကမာရွတ်မြို့နယ်(၁)ရပ်ကွက် ရန်ကုန်–အင်းစိန်လမ်း အောင်လှရိပ်သာလမ်းသွယ် အမှတ် (၅၃–စီ) နေ ဒေါ်ခင်လှ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**ကျောက်တန်းမြို့နယ် တံတားမြို့တွင် မြို့သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် မြို့အဝင်ဆိုင်းဘုတ်ကို နိုဝင်ဘာ ၂ ရက်က ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းဆောင်ရွက်ရာ မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးမိုးကျော်နှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုးလင်းမြင့်တို့ ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# ရေဦး အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်း ရေဦးမြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့)တွင် ရေဦးမြို့ အထက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ ဆရာဦးကိုကိုကြီး ဖုန်း–၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း–၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း–၇၀၃၃၄၁၊ ဦးကံကြီးမောင် ဖုန်း–၂၉၇၉၁၆၊ မန္တလေး ဆရာဦးကိုအေး ဖုန်း–၀၂–၂၂၇၀၆နှင့် ဦးကျော်ဝင်း (ရွှေဘိုစတိုး) ဖုန်း ၀၂–၅၄၁၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



# တစ်ချက်တည်းကျင်းဝင်

**တာချီလိတ် နိုဝင်ဘာ ၆**

ဦးဘိုလေး (တီဘီစီ)သည် တာချီလိတ်မြို့ ရီဂျီးနား ဂေါက်ကွင်းတွင် နိုဝင်ဘာ ၁ ရက်က ကစားဖော်များဖြစ်ကြသည့် ဦးအားတီ (ကုန်သည်)၊ ဦးအားရင် (ကုန်သည်)၊ ဦးသိန်းဝင်း၊ ဦးမောင်အုံး တို့နှင့်အတူ ကစားစဉ် ၁၆၇ ကိုက် အကွာအဝေးရှိ ကျင်းအမှတ် (၃) သို့ ဂေါက်ရိုက်တံအမှတ် Pinghot Iron (4) ဂေါက်သီးအမှတ် Kasco (4)ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(၄၂၀)**

**ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် နိုဝင်ဘာ ၄ ရက်က ခရိုင်ချင်းဆက်လမ်း အမှတ် (၁) ပေါက်ခေါင်းမြို့နယ် အပိုင်းပေါ်ရှိ ကျောက်ချောခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးထူထောင်ရေးသည် တစ်မျိုးသားလုံး၏ပန်းတိုင်ဖြစ် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး၌ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်လာအောင် ဦးဆောင်စည်းရုံး မျိုးဆက်တစ်ခုမှ မျိုးဆက်သစ်တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်ဆက်တိုက်အကောင်အထည်ဖော်နိုင်ရေး အမျိုးသားရေးစိတ်ဓာတ်မြင့်မားသော နိုင်ငံသားများကသာ ဖော်ဆောင်ခဲ့သည်ကို သမိုင်းစဉ်၌တွေ့ရှိရ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) စတုတ္ထနေ့ ဒုတိယပိုင်းအစီအစဉ်များကို နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) စတုတ္ထနေ့တွင် တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။**

(သတင်းစဉ်)



**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကိုချမှတ်

နေပြည်တော် နိုဝင်ဘာ ၁၃

**၂၀၀၆ခုနှစ် နိုဝင်ဘာ၄ရက်မှ၈ရက်အထိ နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)က ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကို ချမှတ်ခဲ့သည်။**

ယင်းသို့ချမှတ်ရာတွင် ဆုံးဖြတ်ချက်နှစ်ရပ်အနက် ဆုံးဖြတ်ချက် အမှတ်(၁)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) စတုတ္ထနေ့ (၈–၁၁–၂၀၀၆)တွင် မိန့်ကြားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒ မိန့်မှာချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာ ကျင့်သုံးသွားရန် ဆုံးဖြတ်ခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်အမှတ်(၂)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)က အောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များ အဖြစ် ချမှတ်ရန် ဆုံးဖြတ်သည်။

– ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် ဒို့တာဝန် အရေးသုံးပါးကို အသက်ပေးကာကွယ်လျက် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူနှင့်အတူ ထိန်းသိမ်းကာကွယ် တည်ဆောက်ရေး၊

– နိုင်ငံတော်ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ဦးတည်ချက်(၁၂)ရပ် လုပ်ငန်းစဉ်များ အောင်မြင်စေရန် ပြည်သူတို့နှင့်အတူ တက်ကြွစွာပါဝင်ဆောင်ရွက်ရေး၊

– နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊

– နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေး၊

– စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏

*စာမျက်နှာ ၈ ကော်လံ ၁* ●

14-11 (20) 1 11/14/06, 1:57 PM